# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၉ ရက် | ၂၀၂၅ ခုနှစ်၊ ဇွန် ၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ်(၂၄၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၂၉၃၈၅ ဧက လျာထားစိုက်ပျိုးမည်



ပွင့်ဖြူ ဇွန် ၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၂၉၃၈၅ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၂၉၃၈၅ ဧက စိုက်ပျိုးရန်လျာထားပြီး သတ်မှတ်စိုက်ဧကများ ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဇွန်လ တတိယပတ်မှ စတင်ပြီး စက်တင်ဘာလကုန်အထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဆီထွက်သီးနှံစုံ ၂၉၃၈၅ ဧက စိုက်ပျိုးသွားဖို့ လျာထားပါတယ်။ လက်ရှိအချိန်မှာ ဆီထွက်သီးနှံတွေဖြစ်တဲ့ မြေပဲ၊ နှမ်း၊ နေကြာ စိုက်ပျိုးနိုင်ဖို့ လယ်ယာမြေထွန်ယက်ပြုပြင်တာတွေကို လုပ်ဆောင်နေကြပါတယ်။ ဆီထွက်သီးနှံအလိုက် လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းတွေ တိုးတက်စေဖို့


*စာမျက်နှာ ၃ ကော်လံ ၄* ❖


**ယနေ့ ဖတ် စ ရာ**


ထေရဝါဒဗုဒ္ဓဘာသာ တည်တံ့ထွန်းကားပြန့်ပွားရေး (၃) — ဆောင်းပါး — စာ ၆

ဖျတ်ခနဲမြင်လိုက်ရတဲ့ နိုင်ငံတကာဆက်ဆံရေး မြင်ကွင်းတစ်ကွက် — ဆောင်းပါး — စာ ၁၀

နီပေါနိုင်ငံသို့ မေလတွင် နိုင်ငံတကာခရီးသွား ဝင်ရောက်မှု ကျဆင်း — နိုင်ငံတကာသတင်း — စာ ၁၄


# ထန်းတပင်မြို့နယ်၌ မိုးစပါးစိုက်ဧက ၈၄၀၀၀ ကျော် လျာထားစိုက်ပျိုးသွားမည်



ရန်ကုန် ဇွန် ၃

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါး စိုက်ပျိုးရာသီအတွက် စိုက်ဧက ၈၄၀၀၀ ကျော် လျာထား စိုက်ပျိုးသွားမည်ဖြစ်ပြီး လျာထားဧကထက် ကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက်လည်း တာဝန်ရှိသူများက တောင်သူအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ထန်းတပင်မြို့နယ်အတွင်းမှာ ၂၀၂၅-၂၀၂၆ ခုနှစ်အတွက် မိုးစပါးလျာထားစိုက်ဧက ၈၄၃၃၈ ဧက လျာထားပြီး စိုက်ပျိုးသွားမှာကတော့ ဇွန်လ ဒုတိယအပတ်လောက်ကနေ စတင်ပြီးတော့ စိုက်ပျိုးသွားမှာပါ။ လျာထားဧက


*စာမျက်နှာ ၃ ကော်လံ ၄* ✻

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၃၉ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
( ၂၀၂၅ ခုနှစ်၊ ဇွန်လ ၃ ရက် )
ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဒေါက်တာသန်းစိုး အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

**✻ ရှေ့ဖုံးမှ**

ပြည့်မီရေးနဲ့ ကျော်လွန်အောင် စိုက်ပျိုးရေး အတွက်ကိုလည်း တောင်သူ အသိပညာပေးခြင်း လုပ်ငန်းတွေကို ကွင်းဆင်း ဆောင်ရွက်လျက်ရှိပါတယ်” ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစောဝင်းကိုက ပြောကြားသည်။

လျာထားဧက ပြည့်မီအောင်နှင့် ကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက်လည်း တောင်သူ ပညာရေးလုပ်ငန်းများနှင့် မိုးစပါး စိုက်ခင်းများ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် လိုက်နာရမည့်နည်းလမ်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက အသိပညာပေးဆောင်ရွက်လျက်ရှိပြီး နည်းပညာ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး ကူညီပံ့ပိုးဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်းလည်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

**❖ ရှေ့ဖုံးမှ**

ကြီးကြပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်”ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဆီထွက်သီးနှံ စိုက်ပျိုးတောင်သူများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ တစ်ဧကပန်းတိုင်အထွက်နှုန်းများ ရရှိစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ GAP စိုက်နည်းစနစ်နဲ့အညီ စိုက်ပျိုးရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံများကို အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းဆီစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပါ ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ သီးနှံဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံများကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရန် ပိုမိုကြိုးပမ်းသင့်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောကြားသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းမိသားစုများ ယာယီဘာရာအဆောက်အအုံများသို့ အပြီးသတ်ပြောင်းရွှေ့နေရာချထားမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ရာနှုန်းပြည့် တည်ဆောက်ပြီးစီးခဲ့သည့် ယာယီဘာရာအဆောက်အအုံများသို့ အပြီးသတ်ပြောင်းရွှေ့နေရာချထားမှုကို ကြည့်ရှုစစ်ဆေးသည်။



**ဖွင့်လှစ်ပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေသန့်စက်နှင့် အရာထမ်းများနေထိုင်မည့် ပတ္တမြားအိမ်ရာယာယီဘာရာအဆောက်အအုံသစ်တို့ကို အမွှေးနံ့သာဖြင့် ပက်ဖျန်းဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ယာယီဘာရာအဆောက်အအုံများ၌ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင်များ ပြောင်းရွှေ့နေထိုင်မှုကို လှည့်လည်ကြည့်ရှုပြီး ဝန်ထမ်းများအနေဖြင့် ယာယီအဆောက်အအုံများအတွင်း ထုတ်ပြန်ထားရှိသည့် စည်းကမ်းချက်များနှင့်အညီ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ရိုင်းပင်းကူညီနေထိုင်သွားကြရန်၊ ရေ၊ မီး၊ မိလ္လာများကို စနစ်တကျ သုံးစွဲကြရန်နှင့် ယာယီအဆောက်အအုံ ဧရိယာအတွင်း သန့်ရှင်းသာယာလှပရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်တို့ကိုမှာကြားကာ မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယာယီအဆောက်အအုံများ အတွင်း ဝန်ထမ်းမိသားစုများ၏ ပြောင်းရွှေ့နေထိုင်စားသောက်မှု၊ လျှပ်စစ်မီးတပ်ဆင်ထားရှိမှု၊ ရေချိုးခန်း၊ အိမ်သာများ စနစ်တကျဆောင်ရွက်ထားရှိမှု၊ စွန့်ပစ်ပစ္စည်းများ စနစ်တကျ စွန့်ပစ်ပေးနိုင်ရေးအတွက် အမှိုက်ကန်များဆောင်ရွက်ထားရှိမှုနှင့် ယာယီအဆောက်အအုံပတ်လမ်းများကို အမာခံလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**စားသုံးဆီများပေးအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည့် ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းများအတွက် ဘုရားဆင်းတုတော်နှင့် မြန်မာနိုင်ငံဆီကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌက လှူဒါန်းသည့် စားသုံးဆီပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ကြပြီး ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် အရာထမ်း၊ အမှုထမ်းများထံ ဘုရားဆင်းတုတော်နှင့် စားသုံးဆီများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၅) ကျင်းပ

## ဗဟိုအဖွဲ့တွင်လည်း Private Sector များ ပူးပေါင်းပါဝင်နိုင်ရေး UMFCCI ကို ထည့်သွင်းဖွဲ့စည်းထား

**နေပြည်တော် ဇွန် ၃**

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၅) ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးသို့ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့မှအဖွဲ့ဝင်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က မြန်မာနိုင်ငံကို FATF မှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှစ၍ တိုးတက်ဆောင်ရွက်မှုများကို စောင့်ကြည့်မည့် နိုင်ငံနှင့်ဒေသများစာရင်း (Gray List)တွင် ထည့်သွင်းခဲ့သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် လတ်တလော အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အစီအမံ(Action Plan)တွင် ပါသည့်အချက်များအပေါ်အလေးထား၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး တိုးတက်ဆောင်ရွက်မှု အစီရင်ခံစာပေးပို့ခြင်းနှင့် မျက်နှာစုံညီအစည်းအဝေး တက်ရောက်ခြင်းတို့ကို (၄)လတစ်ကြိမ် ဆောင်ရွက်လျက်ရှိပါကြောင်း။

Action Plan ပါ အချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက်မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး Action Plan ပါ အချက် ၁၅ ချက်အနက် ယခုလက်ရှိ အချက် ၆ ချက်သာ ကျန်ရှိတော့သဖြင့် ကျန်ရှိသည့်အချက်များကို ပြီးမြောက်စေရေး သက်ဆိုင်ရာဌာနများမှ ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း။

မကြာသေးမီကပြဋ္ဌာန်းခဲ့သည့် အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၂၄-၂၀၂၈) လုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် လုပ်ငန်းနယ်ပယ် ၅ ရပ်ဖြင့် ကော်မတီ အသီးသီးကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ပါကြောင်း၊ ကော်မတီများအနေဖြင့် နှစ်အလိုက် လုပ်ငန်းစဉ် (Annual Work Plan)ရေးဆွဲဆောင်ရွက်ရေး၊ တိုးတက်မှု အစီရင်ခံစာများ သုံးလ တစ်ကြိမ်တင်ပြရေး၊ ကာလလယ်ပြန်လည်သုံးသပ်ရေး (Mid-term Review) စသည်တို့ကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

၂၀၂၉ ခုနှစ်တွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ တတိယအကြိမ် နိုင်ငံအချင်းချင်း အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (Mutual Evaluation-ME)ကို ဆောင်ရွက်ရန်ရှိသည့်အတွက် ဆောင်ရွက်ရမည့် ME လုပ်ငန်းစဉ်များအတွက် ကော်မတီများအနေဖြင့် ကြိုတင်စီမံထားကြရန်လိုအပ်ကြောင်း၊ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုသည် နိုင်ငံတစ်နိုင်ငံ၏ ပြဿနာမဟုတ်ဘဲ တစ်ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ခုဖြစ်သည့်အပြင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း အစိုးရတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရဘဲ Private Sector ၏ အရေးပါမှုကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဗဟိုအဖွဲ့တွင်လည်း Private Sector များ ပူးပေါင်းပါဝင်နိုင်ရေး UMFCCI ကို ထည့်သွင်းဖွဲ့စည်းထားပါကြောင်း၊ UMFCCI သည် ကုန်သွယ်ရေး၊ စက်မှုလက်မှုနှင့် စီးပွားရေးလုပ်ငန်းပေါင်းစုံ အဖွဲ့အစည်းများဖြင့် ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်သည့်အတွက် Public-Private Partnership ကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရေးအတွက် အလေးထားဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့တို့မှ တက်ရောက်လာသူများက မိမိတို့တာဝန်ယူထားသည့် ကဏ္ဍအလိုက် ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် မုန်တိုင်းဘေးအန္တရာယ်နှင့် ရေဘေးအန္တရာယ်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြခြင်းတက်ရောက်

**မော်လမြိုင် ဇွန် ၃**

မွန်ပြည်နယ်အနေဖြင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၅ ခုနှစ် မုန်တိုင်းဘေးအန္တရာယ်နှင့် ရေဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ မန္တလေးရပ်ကွက် တရားလွှတ်တော် (တရားလွှတ်တော်ရုံးအနီး)၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သရုပ်ပြလေ့ကျင့်ခြင်းတွင်ပါဝင်သော ဌာနဆိုင်ရာတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်သည်။



ဦးစွာ ရေဘေးကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခန်း စတင်ဆောင်ရွက်ရာ ရေဘေးအတွက် နှိုးဆော်သတိပေးခြင်း၊ ရေဘေးကျရောက်နိုင်သောဒေသများရှိ နေထိုင်သူများအား ရွှေ့ပြောင်းခြင်း၊ ရေစီးနှင့်အတူ မျောလာသူများကိုကယ်ဆယ်ခြင်း၊ ရေဘေးသင့်နေရာများ၌ လှည့်လည်စစ်ဆေးဆောင်ရွက်ခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းတွင် ဆေးဝါးကုသမှုနှင့် စားရေရိက္ခာများဝေငှပြီး ထိခိုက်ဒဏ်ရာရရှိသူများအား ရှေးဦးသူနာပြုစုခြင်းနှင့် ဆေးရုံ/ ဆေးခန်းများသို့ ပို့ဆောင်ပေးခြင်း သရုပ်ပြလေ့ကျင့်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မုန်တိုင်းဘေးအန္တရာယ်နှင့် ရေဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြအဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်၍ မွန်ပြည်နယ် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များ၏ သဘာဝဘေးကယ်ဆယ်ရေး ပစ္စည်းကိရိယာများ၊ အသက်ကယ်လှေများ၊ စုဆောင်းပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မော်လိုက်မြို့၌ အင်္ဂလိပ်စာအခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**မော်လိုက် ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ အင်္ဂလိပ်စာအခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၂ ရက် နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



ဦးစွာ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေထွန်းအောင်က အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်စီမံကိန်းဦးစီးမှူး ဦးအောင်ကျော်ဦးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင် သင်တန်းနည်းပြ ဒေါ်အေးစီတာက သင်ကြားရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းကို ဇွန် ၂ ရက်မှ ၁၆ ရက်အထိ သင်တန်းသားသင်တန်းသူ ၄၁ ဦးတို့ကို သင်တန်းနည်းပြ ဒေါ်အေးစီတာက သင်ကြားပို့ချသွားမည်ဖြစ်ပြီး အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေထွန်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုထက်(ပြန်/ဆက်)**

## လှူဒါန်းနိုင်ရန် နှိုးဆော်ချက်

၂၈.၃.၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူဘုရားနှင့် ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံ (၁၇၈၁) ဆူနှင့် ဘုရားစေတီ၊ သာသနိကအဆောက်အအုံ (၄၉၉၈) ခု၊ စုစုပေါင်း (၆၇၇၉)ဆူ ထိခိုက်ပျက်စီးခဲ့ပါသည်။ ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ဘုရား၊ စေတီတစ်ဆူလုံးကိုဖြစ်စေ သဒ္ဓါတရားနည်းများမဆို ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် စေတီ၊ ဘုရားများပြုပြင်ရန် လှူဒါန်းလိုပါက နေပြည်တော်တွင် ဦးထွန်းမြင့်အောင်၊ ညွှန်ကြားရေးမှူး၊ နေပြည်တော်သာသနာရေးမှူးရုံး၊ ဖုန်း- ၀၆၇ ၃၅၅၀၁၈၃၊ ၀၉၄၂၀၇၀၁၄၆၉ နှင့် ဒေါ်နီလာအေး၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း – ၀၉၄၂၀၇၁၄၇၆၀ တို့သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ဦးဖြိုးဇော်ဇော်၊ ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း- ၀၉၄၂၁၂၂၂၅၁ နှင့် ဒေါ်မျိုးပပကျော်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း- ၀၉၄၂၀၇၀၀၇၉၀ တို့သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဦးဇော်ဦး၊ ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း-၀၉၂၀၃၈၅၆၃နှင့် ဒေါက်တာဝတ်ရည်ဝင်းသန့်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း-၀၉၅၁၉၄၀၈၂ တို့သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဦးလှမင်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း- ၀၉၄၀၂၆၁၀၁၃၄၊ ၀၉၆၆၄၆၉၀၆၇၅ နှင့် ဦးဖြိုးနောင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ၊ ဖုန်း-၀၉၄၂၀၇၂၆၄၉၀၊ ၀၉၇၈၈၉၁၁၂၁၁ တို့သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ဦးစိုးမိုးကျော်၊ ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း – ၀၉ ၂၅၉၂၀၉၄၄၈ နှင့် ဦးထွန်းထွန်းလွင်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း – ၀၉၄၃၀၁၉၁၆၈ တို့သို့လည်းကောင်း၊ ရှမ်းပြည်နယ်တွင် ဦးသိန်းဌေး၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်သာသနာရေးမှူးရုံး၊ ၊ ဖုန်း –၀၉၄၂၀၇၃၀၈၃၉ နှင့် ဒေါ်ခက်ခက်လှ၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း – ၀၉၄၃၀၄၁၃၀၇ တို့သို့လည်းကောင်း ဆက်သွယ်၍ လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဝန်ထမ်းများထားရှိမည့် ယာယီအဆောက်အအုံများ တည်ဆောက်နေမှုကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၃

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးတို့နှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၇) ရှိ ယာဉ်ရပ်နားဝင်းအတွင်း၌ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ နေရာချထားပေးနိုင်ရေးအတွက် ယာယီအဆောက်အအုံများ တည်ဆောက်ပြီးစီးမှု၊ ရေ၊ မီး၊ မိလ္လာလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**



ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ယာယီအဆောက်အအုံများ အမြန်ဆုံးပြီးစီးမှသာ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်လျက်ရှိသည့် ရွက်ဖျင်တဲများမှ ပြောင်းရွှေ့ နေရာချထားပေးနိုင်မည်ဖြစ်၍ တည်ဆောက်ရေးနှင့် ပတ်သက်သည့်အပြီးသတ်လုပ်ငန်းများ အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်ရန်၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ရေ၊ မီး၊ မိလ္လာတို့ကို အဆင်ပြေချောမွေ့စွာအသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရန်၊ ယာယီ အဆောက်အအုံများတွင် နေထိုင်မည့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ရေးဆွဲ ထုတ်ပြန်သွားရန်၊ ယာယီအဆောက်အအုံ ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ယာယီအဆောက်အအုံများတွင် လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းလုပ်ငန်းများ ပြီးစီးပါက ဝန်ထမ်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရှိ လျှပ်စစ်စစ်ဆေးရေးဌာနမှ စစ်ဆေးသွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းနှင့် မြန်မာ့ဆေးဝါးလုပ်ငန်းတို့တွင် ဝန်ထမ်းများ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရုံးဝင်းနှင့် ရုံးခန်းများအတွင်း သန့်ရှင်းသာယာလှပမှုရှိစေရေး ဆောင်ရွက်ရန်နှင့် ငလျင်ကြောင့် ပျက်စီးခဲ့မှု ဖြစ်ပေါ်ခဲ့သည့် ပစ္စည်းများအနက် ဆယ်တင်ရရှိခဲ့သည့်ပစ္စည်းများကို အကျိုးရှိ ထိရောက်စွာ ပြန်လည်အသုံးပြုသွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ MSME လုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပြီး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇွန် ၃**

MSME လုပ်ငန်းများနှင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက MSME လုပ်ငန်းများနှင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။



မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ဒက္ခိဏသီရိမြို့နယ် စံပယ်လမ်း၌ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၁) ၌ ငလျင်ဘေးကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးမှုများ ပြန်လည်ပြုပြင်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် မြန်မာ့ရွှေသစ်သီးဝလံ ကုမ္ပဏီလီမိတက်၏ ဟင်းသီးဟင်းရွက် သစ်သီးဝလံများအား ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ပြီး ပြည်တွင်းမှ ပြည်ပသို့ ထုတ်လုပ်တင်ပို့ ရောင်းချနေမှုအခြေအနေကိုလည်းကောင်း၊ လင်းစိန်ဆီစက်နှင့် ဆီထုပ်ပိုးမှုလုပ်ငန်းတွင် ငလျင်ဘေးထိခိုက်မှုကြောင့် ပြန်လည်ပြုပြင်နေမှုနှင့် စမ်းသပ်ထုတ်လုပ်လည်ပတ်နေမှု အခြေအနေကိုလည်းကောင်း၊ ဒက္ခိဏသီရိ အသေးစားနှင့် အလတ်စားစက်မှုဇုန်ရှိ Myanmar New Power Co.,Ltd ၌ နှစ်ဘီး၊ သုံးဘီး မော်တော်ဆိုင်ကယ်များ တပ်ဆင်ထုတ်လုပ်ထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားကာ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **အောင်ကို (ပုဗ္ဗသီရိ)**

## ငလျင် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအတွက် အလှူငွေ လှူဒါန်း




**ရန်ကုန် ဇွန် ၃**

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသော ငလျင်တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် BANGKOK BANK PCL (Yan-gon Branch) မှ အလှူငွေကျပ် ၁၄၀၀၀၀၀၀၀ ကို မေ ၃၀ ရက်က မြန်မာနိုင်ငံကြက်ခြေနီအသင်း ရန်ကုန်ရုံးခွဲ၌ လာရောက်လှူဒါန်းသည်။

အဆိုပါ လှူဒါန်းငွေများကို မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်၊ အလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများက လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၃**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေမည်။ **မိုး/ဇလ**

# ထေရဝါဒဗုဒ္ဓဘာသာ တည်တံ့ထွန်းကားပြန့်ပွားရေး (၃)

ကေကေ (မဟာဝိဇ္ဇာ)

ထေရဝါဒသမိုင်းတွင် သင်္ဂါယနာ ခြောက်ကြိမ်တင်ခဲ့သည်။ အကြိမ်တိုင်းတွင် အကြောင်းရှိသည်။ ယေဘုယျအားဖြင့် "သာသနာတော် ညှိုးနွမ်းရန်၊ ညစ်နွမ်းရန် အကြောင်းရှိလျှင်၊ သာသနာတော်ခိုင်မြဲရန်၊ တည်တံ့ရန်လိုအပ်လျှင်" သင်္ဂါယနာ တင်ကြသည်။ သာသနာတော်ဆိုသည်မှာ ဤကိစ္စတွင် ဗုဒ္ဓဘုရား ဟောကြားသော ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ တရားတော်များဟု နားလည်ရပါသည်။ သင်္ဂါယနာများအကြောင်းကို အကျဉ်းမျှရေးသားပါမည်။ သို့ရာတွင် ပထမအကြိမ် သင်္ဂါယနာ အကြောင်းကိုမူ ပထမဆုံးအကြိမ်ဖြစ်သောကြောင့်လည်းကောင်း၊ သာသနာ့အန္တရာယ်ဟူသည် တိုတောင်းသော အချိန်အတွင်းမှာပင် အနီးကပ်ပေါ်လာသည်ကို သတိပြုမိစေလိုသောကြောင့်လည်းကောင်း ပြည့်ပြည့်စုံစုံ ဖော်ပြလိုပါသည်။

### ပထမသင်္ဂါယနာ

ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီး ခုနစ်ရက် မြောက်သောနေ့တွင် အလောင်းတော်ကို မီးသင်္ဂြိုဟ်ရန် တင်ထားသော နံ့သာထင်းပုံကို မီးတင်ရှို့ရာ မီး မစွဲချေ။ ကုသိနာရုံပြည်သား မာလ္လာမင်းတို့က အရှင်အနုရုဒ္ဓါအား မေးလျှောက်၏။ အရှင်မဟာ ကဿပ မထေရ်သည် မြတ်စွာဘုရား၏ ခြေတော်အစုံကို ဦးခိုက်ရှိမခိုးရသေးမီ ဤနံ့သာထင်းပုံသည် မီးမလောင်စေသတည်းဟု နတ်မင်းတို့၏ အလိုဆန္ဒကြောင့် ဖြစ်ကြောင်း အရှင်အနုရုဒ္ဓါက မိန့်၏။

ထိုအချိန်တွင် အရှင်မဟာကဿပမထေရ်သည် နောက်ပါသံဃာ ၅၀၀ နှင့်အတူ ပါဝါပြည်မှ ကုသိနာရုံ ပြည်သို့ ကြွလာနေ၏။ လမ်းခုလတ် နားနေတော်မူစဉ် ခရီးသွားတက္ကတွန်းတစ်ယောက်နှင့် ဆုံရာ ၄င်းပြောပြသဖြင့် ဘုရားရှင်ပရိနိဗ္ဗာန်ပြုသည်မှာ ယနေ့ ခုနစ်ရက်ရှိပြီဖြစ်ကြောင်း သိကြရ၏။

ရာဂမကင်းသော ရဟန်းတို့က ငိုကြွေးကြ၏။ ရာဂကင်းပြီးသော ရဟန်းတို့သည်ကား တရားကို ဆင်ခြင်၍ ဓမ္မသံဝေဂယူကြ၏။

သုဘဒ္ဒဟူသော တောထွက်ရဟန်းကြီးက "ငါ့ရှင်တို့ မငိုကြလင့်။ အငိုတိတ်ကြကုန်လော့။ ယခုအခါ ငါတို့သည် ရဟန်းကြီး ဂေါတမ လက်အောက်မှ ကောင်းစွာလွတ်မြောက်ကြပြီ။ ရဟန်းကြီးဂေါတမသည် ငါတို့ကို အရာရာချုပ်ချယ်ခဲ့၏။ ယခုမူကား ငါတို့လိုရာ ပြုကြကုန်အံ့"ဟု ဆို၏။

ထိုအခါ အရှင်မဟာကဿပမထေရ်သည် "မြတ်စွာဘုရား ပရိနိဗ္ဗာန် စံသည်မှာ ခုနစ်ရက်မျှသာ ရှိသေး၏။ ရွှေအဆင်းကဲ့သို့ ဝင်းဝါသော ရုပ်ကလာပ်ကြီးမှာ ယနေ့တိုင် အထင်အရှားရှိနေပါသေး၏။ မြတ်စွာဘုရား ပင်ပန်းကြီးစွာ ကြိုးစားအားထုတ်၍ တည်ဆောက်ခဲ့ရသော သာသနာဖြစ်ပါလျက် သာသနာ့ရန် ဆူးငြောင့်ပေါ်ပေါက်လာပုံမှာ မြန်ဆန်လှချေ၏တကား။ သာသနာ့အလေးအမွှား သာသနာ့အမှိုက်သရိုက်တို့သည် အလွန်လျင်မြန်စွာ ပေါ်ပေါက်လာချေဘိ၏။ ဤရဟန်းယုတ်သည် ကာလရှည်ကြာ၍ သဘောတူရာ အပေါင်းအဖော်ကို ရခဲ့သော် ဗုဒ္ဓသာသနာတော်ကို ဆုတ်ယုတ်နိုင်စေရာ၏"ဟု သုံးသပ်တော်မူ၏။

တစ်ဖန် "ငါသည် ဤတောထွက်ရဟန်းကြီးကို သင်္ကန်းချွတ် ပိတ်ဖြူပတ်ကာ လူဝတ်လဲစေ၍ သာသနာ့ဘောင်မှ နှင်ထုတ်ငြားအံ့။ ဘုရားရှင်၏ အလောင်းတော်ပင် မီးမသင်္ဂြိုဟ်ရသေးပါဘဲလျက် ဂေါတမ၏ တပည့်များသည် ငြင်းခုန်ခိုက်ရန်ဖြစ်နေကြကုန်ပြီဟု လူအများကဲ့ရဲ့စရာဖြစ်ချိမ့်မည်။ အခိုက်အတန့်အားဖြင့် ဆိုင်းငံ့ထားဦးအံ့"ဟု ဆင်ခြင်မိလေ၏။

ထို့နောက် အရှင်မဟာကဿပမထေရ်သည် **"မြတ်စွာဘုရားဟောတော်မူခဲ့သော တရားဒေသနာတော်တို့သည် မသီကုံးရသေးသော ပန်းပုံကြီးသဖွယ် ဖြစ်နေသေး၏။ အရပ်လေးမျက်နှာမှ လေတိုက်ခတ်လာပါမူ ပန်းပွင့်များဖရိုဖရဲ ပြန့်ကျဲလွင့်ပါ ပျောက်ပျက်ကုန်လေရာ၏။ ထို့နည်းတူ အချိန်ကာလ ကြာညောင်းသောအခါ ဝိနည်းသိက္ခာပုဒ် တစ်ခုချင်း၊ နှစ်ခုချင်း ပျောက်လေရာ၏။ သုတ္တန်နှင့်** အဘိဓမ္မာတရားတို့သည်လည်း တဖြည်းဖြည်း ပျောက်လေရာ၏။ ထိုအခါ ဗုဒ္ဓသာသနာ ကွယ်ပသည်မည်၏။ ဤသို့ သာသနာမကွယ်စေရန် ဓမ္မနှင့် ဝိနယကို သင်္ဂါယနာတင်အံ့။ ဤသို့ သင်္ဂါယနာတင် ပြီးသောအခါ၌မူ ဓမ္မနှင့် ဝိနယတို့သည် ခိုင်ခံ့သော ကြိုးများဖြင့် သီကုံးထားသော ပန်းပွင့်တို့ကဲ့သို့ ခိုင်မြဲလတ္တံ့။ ဗုဒ္ဓသာသနာတော် အဓွန့်ရှည်စွာ ခိုင်ခံ့ တည်မြဲစေရန် သင်္ဂါယနာတင်ခြင်းအမှုကို မလွဲမသွေပြုရပေအံ့" ဟု အကြံဖြစ်တော်မူခဲ့၏။

> **❝ အရှင်မဟာကဿပမထေရ်သည် "မြတ်စွာဘုရားဟောတော်မူခဲ့သော တရားဒေသနာတော်တို့သည် မသီကုံးရသေးသော ပန်းပုံကြီးသဖွယ် ဖြစ်နေသေး၏။ အရပ်လေးမျက်နှာမှ လေတိုက်ခတ်လာပါမူ ပန်းပွင့်များဖရိုဖရဲ ပြန့်ကြဲလွင့်ပါ ပျောက်ပျက်ကုန်လေရာ၏။ ထို့နည်းတူ အချိန်ကာလ ကြာညောင်းသောအခါ ဝိနည်းသိက္ခာပုဒ် တစ်ခုချင်း၊ နှစ်ခုချင်း ပျောက်လေရာ၏။ သုတ္တန်နှင့် အဘိဓမ္မာတရားတို့သည်လည်း တဖြည်းဖြည်း ပျောက်လေရာ၏။ ထိုအခါ ဗုဒ္ဓသာသနာ ကွယ်ပသည်မည်၏။ ဤသို့ သာသနာမကွယ်စေရန် ဓမ္မနှင့် ဝိနယကို သင်္ဂါယနာ တင်အံ့။ ဤသို့ သင်္ဂါယနာတင် ပြီးသောအခါ၌မူ ဓမ္မနှင့် ဝိနယတို့သည် ခိုင်ခံ့သော ကြိုးများဖြင့် သီကုံးထားသော ပန်းပွင့်တို့ကဲ့သို့ ခိုင်မြဲလတ္တံ့။ ဗုဒ္ဓသာသနာတော် အဓွန့်ရှည်စွာ ခိုင်ခံ့ တည်မြဲစေရန် သင်္ဂါယနာတင်ခြင်းအမှုကို မလွဲမသွေပြုရပေအံ့" ဟု အကြံဖြစ်တော်မူခဲ့၏ ❞**

(မှတ်ချက်။ အရှင်မဟာကဿပ မထေရ်၏ သင်္ဂါယနာရည်မှန်းချက်မှာ Protection ခေါ် သာသနာကို ကာကွယ်ခြင်းနှင့် Collection ခေါ် ဗုဒ္ဓ၏ ပြန့်ကျဲနေသော တရားတော်များကို တူရာ အုပ်စုအလိုက် စနစ်တကျစုစည်းခြင်းဟု တွေ့ရသည်။ သင်္ဂါယနာတင်သောအခါ တစ်နည်း သံဃာတော်များ စုပေါင်းရွတ်ဆို အတည်ပြုကြသော အခါ နုတ်ပယ်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း အလျဉ်းမရှိသော တရားအစစ်အမှန်ကို မူလအတိုင်း ရရှိသည်။)

ထိုအကြံအစည် ဖြစ်တော်မူသည်ကို အချိန်မတိုင်မီ ထုတ်ဖော်ပြောကြားတော်မမူဘဲ တပည့် ရဟန်း ပရိသတ်တို့ကို တရားဓမ္မဟောပြ၍ သောက မီးငြိမ်း အပူဇာတ်သိမ်းစေပြီး ကုသိနာရုံပြည်သို့ ဆက်လက်ကြွတော်မူ၏။

ချုပ်ရလျှင် သာဓုကိဋ္ဌနသဘင်နှင့် ဓာတ်တော်ဝေခန်းပြီးမှ အရှင်မဟာကဿပမထေရ်သည် သံဃာ့အစည်းအဝေးကြီး ခေါ်ယူ၍ ရဟန်းကြီး သုဘဒ္ဒ၏ ဗုဒ္ဓအဆုံးအမမှ ဖီဆန်လိုသောစကားကို ပြန်လှန်မိန့်ကြားကာ သာသနာတော်သန့်ရှင်းစင်ကြယ်ရေးအတွက် သင်္ဂါယနာတင်ရန် တိုက်တွန်းသည်။ သံဃာ့အစည်းအဝေးကြီးက သဘောတူညီကြပြီး ပါဝင်ဆောင်ရွက်နိုင်မည့် ရဟန်းများကို ရှင်မဟာကဿပကိုယ်တိုင် ရွေးချယ်တော်မူရန် လျှောက်ထားကြ၏။ ရှင်မဟာကဿပမထေရ်က ၄၉၉ ပါးကိုသာ ရွေးချယ်၏။ တစ်ပါးချန်ထားသည်။ ထိုတစ်ပါးမှာ အရှင်အာနန္ဒာကို ရည်ရွယ်လေ၏။

ထိုအချိန်က အရှင်အာနန္ဒာသည် ပိဋကတ်သုံးပုံဆောင်ရဟန်းဖြစ်သော်လည်း သောတာပန်အဆင့်မျှသာ ရှိသေးသည်။ ရဟန္တာများစွာရှိလျက် သောတာပန်ကိုရွေးလျှင် ပြောစရာဖြစ်လိမ့်မည်။ စင်စစ် အရှင်အာနန္ဒာသည် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်တစ်လျှောက်လုံး နောက်တော်ပါးက ထက်ကြပ်မကွာလိုက်ပါလျက် ဘုရားဟောသမျှ တရားတော်များ ဓမ္မခန္ဓာ ၈၄၀၀၀ ကို မှတ်သားခဲ့သော ပုဂ္ဂိုလ်ထူးဖြစ်သောကြောင့် သင်္ဂါယနာတွင် မဖြစ်မနေ ပါသင့်သည့် ပုဂ္ဂိုလ်သာ ဖြစ်၏။ ထို့ကြောင့် ၅၀၀ ပြည့်ရန်လိုသော တစ်ပါး အတွက် အရှင်အာနန္ဒာကိုသာ ရွေးချယ်ရန် သံဃာ အားလုံးက သဘောတူညီကြကုန်၏။ သို့ဖြင့် အများ ဆန္ဒအရ သံဃာ ၅၀၀ ပြည့်လေသည်။ အရှင်အာနန္ဒာ လည်း ရသမျှအချိန်အတွင်း တရားအလုပ်ကို ကြိုးစား အားထုတ်ခဲ့ရာ သင်္ဂါယနာအမီ ရဟန္တာဖြစ်၏။

ထို့နောက် သင်္ဂါယနာတင်ရန် နေရာကိုရွေးချယ်ကြရာ ရာဇဂြိုဟ်မြို့သည် ကျောင်းတိုက်အများ အပြားရှိသည့်အပြင် ပစ္စည်းလေးပါး ထောက်ပံ့နိုင်မည့် ပုဂ္ဂိုလ်လည်းများလှသောကြောင့် အရှင်မဟာ ကဿပမထေရ်အမှူးပြုသော သံဃာ ၅၀၀ တို့သည် ကုသိနာရုံမှ ရာဇဂြိုဟ်သို့ ကြွရောက်ကြလေသည်။ ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းကြီးက သံဃာတော်များ သီတင်းသုံးရန်ရှိနှင့်ပြီး ကျောင်းတော်ကြီး ၁၈ ကျောင်းကို ပြင်ဆင်ပေးသည်။ သံဃာစည်းဝေးရာ ဌာနအဖြစ် ဝေဘာရတောင် သတ္တပဏ္ဏိလိုဏ်ဂူဝတွင် မဏ္ဍပ်ကြီးတစ်ဆောင် ခမ်းခမ်းနားနား ဆောက်လုပ်ပေးသည်။ မင်းနှင့် ပြည်သူတို့က ပစ္စည်းလေးပါး တာဝန်ယူသည်။

မဟာသက္ကရာဇ် ၁၄၈ (BC-၅၄၄) တွင် ရာဇဂြိုဟ်ပြည်ဝေဘာရတောင်သတ္တပဏ္ဏိလိုဏ်ဂူတော်၌ အရှင် မဟာကဿပမထေရ် အမှူးပြုသော ရဟန္တာအပါး ၅၀၀ က သင်္ဂါယနာတင်ခဲ့သည်။ အရှင် မဟာကဿပမထေရ်က ပုစ္ဆက (အမေး)၊ ဝိသဇ္ဇက (အဖြေ)အဖြစ် အရှင်ဥပါလိက ဝိနည်းတော်၊ အရှင် အာနန္ဒာက သုတ္တန်နှင့် အဘိဓမ္မာကို ရွတ်ဆိုတင်သွင်း၍ စုပေါင်းညီညာ သံပြိုင်ရွတ်ဆိုအတည်ပြုလေသည်။ အဇာတသတ်မင်းနှင့် ပြည်သူအပေါင်းက ပံ့ပိုးကူညီခဲ့ရာ အချိန်ကာလအားဖြင့် ခုနစ်လခန့် ကြာသည်။

ပထမသင်္ဂါယနာ၏ ထူးခြားမှုတစ်ခုမှာ မဟာသက္ကရာဇ် ၁၄၈ ကို ဖြိုဖျက်၍ သာသနာသက္ကရာဇ် စတင်ခြင်းဖြစ်သည်။ ဘုရားပရိနိဗ္ဗာန်စံသောနှစ်ကို သာသနာသက္ကရာဇ်တစ်နှစ်ဟု စတင်ရေတွက်သည်။ ထို့ကြောင့် ပထမသင်္ဂါယနာတင်နှစ်ကို သာသနာနှစ် တစ်နှစ်ဟု ယူနိုင်ပေသည်။

### ဒုတိယသင်္ဂါယနာ

မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူပြီး သာသနာနှစ် ၁၀၀ (BC- ၄၄၄) တွင် ဝေသာလီပြည် (အိန္ဒိယ) ဝါဠုကာရုံကျောင်း၌ အရှင်ယသ မဟာထေရ် အမှူးပြုသော ရဟန္တာအပါး ၇၀၀ က သင်္ဂါယနာ တင်ခဲ့သည်။

ဝဇ္ဇီတိုင်းသားရဟန်းများက ရဟန်းတို့၏ ဝိနည်း နှင့်မညီသော အကျင့်(အဓမ္မဝတ္ထု) ၁၀ ပါးကို ဟောပြော ကျင့်ကြံကြသည်။ အဓမ္မတရား ၁၀ ပါး အယူမှားများကို ကာကွယ်ရန် သင်္ဂါယနာတင်ရခြင်း ဖြစ်၏။

ထိုသို့ရွတ်ဆိုပူဇော်ရာတွင် အရှင်ရေဝတ က ပုစ္ဆက (အမေးဆရာတော်) အဖြစ်လည်းကောင်း၊ အရှင်သဗ္ဗကာမိက ဝိသဇ္ဇက (အဖြေဆရာတော်) အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူသည်။ ရဟန္တာအရှင်သူမြတ်များက စိတ်သညာမှတစ်ဆင့် နှုတ်ဆောင်မှုပြုခဲ့ခြင်းဖြစ်ပြီး အချိန်ကာလ ခုနစ်လ ကြာမြင့်သည်။

သင်္ဂါယနာတင်လှူပူဇော်ရာတွင် ဝေသာလီပြည် ကဠာသောကမင်းနှင့် တိုင်းသူပြည်သားတို့က အဘက်ဘက်မှ ပံ့ပိုးကူညီခဲ့ကြပြီး သံဃာထု၊ မင်းထု နှင့် ပြည်သူလူထု စသည့်ထုသုံးထုပေါင်း၍ ရဟန်း ပျက်များကို နှင်ထုတ်ခဲ့ကြသည်။

### တတိယသင်္ဂါယနာ

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီး သာသနာတော် နှစ် ၂၃၅ (BC- ၃၀၉) တွင် ရဟန်းတု ရဟန်းယောင် (တိတ္ထိ) ခြောက်သောင်းတို့က ရဟန်းကောင်း အသွင်ဖြင့် သာသနာအတွင်းဝင်ရောက်ကာ မိစ္ဆာဝါဒ များကို သွတ်သွင်းလာကြသည်။ ထို့ကြောင့် သာသနာတော်သည် လွန်စွာညှိုးမှိန်လာခဲ့၏။ ဝိနည်းတော်နှင့်အညီ ကျင့်ကြံနေထိုင်လျက်ရှိသော ရဟန်းစစ် ရဟန်းမှန်တို့မှာ လွန်စွာချို့တဲ့ ဒုက္ခ ရောက်ခဲ့ကြ၏။

ရဟန်းတု ရဟန်းယောင်တို့၏ အန္တရာယ်အညစ် အကြေးမှ သန့်စင်စေရန် အရှင်မောဂ္ဂလိ ပုတ္တတိဿ မဟာထေရ်အမှူးပြုသော ရဟန္တာမထေရ် အပါး ၁၀၀၀ တို့က ပါဋလိပုတ်ပြည် (အိန္ဒိယ) အာသောကာ ရုံကျောင်းတွင် သင်္ဂါယနာတင်ကြသည်။ အရှင်မဇ္ဈန္တိကမထေရ်က ပုစ္ဆက (အမေး)၊ အရှင်မဟာဒေဝက ဝိသဇ္ဇက (အဖြေ) အဖြစ် ဆောင်ရွက်ကြသည်။ စိတ်သညာမှတစ်ဆင့် စုပေါင်းရွတ်ဆို အတည်ပြုခဲ့ ကြခြင်းဖြစ်သည်။

တတိယသင်္ဂါယနာကို သီရိဓမ္မာသောကမင်းနှင့် တိုင်းသူပြည်သားတို့က အဘက်ဘက်မှ ကူညီပံ့ပိုး ပေးကြသည်။ အချိန်ကာလအားဖြင့် ကိုးလကြာ၏။ တတိယသင်္ဂါယနာ၏ ထူးခြားမှုမှာ သီရိဓမ္မာသောက မင်းကြီးက ထေရဝါဒ သာသနာထွန်းကားပြန့်ပွား စေရန် ကိုးတိုင်း ကိုးဌာနသို့ ဓမ္မဒူတ ခေါ် သာသနာ့ စေတမန် ရဟန်းတော်များကို သာသနာပြုရန်စေ လွှတ်ခဲ့ခြင်းဖြစ်သည်။ သုဝဏ္ဏဘူမိ သထုံပြည်သို့ သာသနာပြုရဟန်းနှစ်ပါး (အရှင်သောဏနှင့် အရှင်ဥတ္တရ)တို့ ရောက်ရှိလာခဲ့ကြသည်။

စာမျက်နှာ ၇ သို့

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အားကစားနှင့်ပညာရေး ပေါင်းစပ်လေ့ကျင့်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ



**ရန်ကုန် ဇွန် ၃**
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အားကစားနှင့် ပညာရေးပေါင်းစပ်လေ့ကျင့်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၊ ကျိုက္ကဆံကွင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များ၊ နည်းပြ ဆရာ ဆရာမများ၊ အားကစားနှင့် ပညာရေးပေါင်းစပ်အထက်တန်းကျောင်းမှ ကျောင်းအုပ်နှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အားကစားနှင့် ပညာရေးပေါင်းစပ်ပြီး ဖွင့်လှစ်ထားသည့် ကျောင်းဖြစ်သည်နှင့်အညီ အားကစားနှင့် ပညာရေးကို ထူးချွန်ထက်မြက်သော သူများဖြစ်အောင် ကြိုးစားစေလိုကြောင်းနှင့် သင်တန်းသား သင်တန်းသူများအားလုံး နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးနိုင်သူများဖြစ်အောင် ကြိုးစားသွားကြရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးထိန်လင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ချီးမြှင့်ငွေနှင့် ဗလာစာအုပ်များ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူသည်။

ယင်းနောက် အလှူရှင်များက ချီးမြှင့်ငွေများပေးအပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများက ဗိုဗီနမ်၊ တိုက်ကွမ်ဒို၊ ဝူရှူး အားကစားနည်းများဖြင့် သရုပ်ပြသကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)မှ ပြသထားသည့် အားကစားပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အသေးစား ကုန်ထုတ်လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်ရန် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်

**မုံရွာ ဇွန် ၃**
စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးအတွက် စီမံကိန်းလုပ်ငန်း ၁၅ ခု ဖွင့်လှစ်သွားမည်ဖြစ်ပြီး ထူးချွန်သင်တန်းသားများကို လုပ်ငန်းသုံးပစ္စည်းများ ငှားရမ်းပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းအကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့် စီမံကိန်းလုပ်ငန်း ဆောင်ရွက်မည့်ဌာနမှ ဝန်ထမ်းများအတွက် စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းကို ယမန်နေ့က အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့ပြီး အဆိုပါသင်တန်းတွင် ဘဏ္ဍာရေးဆိုင်ရာ စာရင်းရေးဆွဲနည်းနှင့် ထိန်းသိမ်းနည်း၊ ကောင်းမွန်သော သန့်ရှင်းမှုကျင့်စဉ်ကောင်းများနှင့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်၊ မှတ်ပုံတင်ခြင်းဆိုင်ရာ သိကောင်း စရာများ၊ ထူထောင်လိုသော လုပ်ငန်းအမျိုးအစားအလိုက် စောင့်ကြည့်လေ့လာ ကြီးကြပ်စိစစ်အကဲဖြတ်ခြင်း ဘာသာရပ်များကို သက်ဆိုင်ရာနည်းပြများမှ သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါ စီမံကိန်း ၁၅ ခုတွင် စီမံကိန်းလုပ်ငန်းတစ်ခုစီတိုင်းမှ ထူးချွန်သင်တန်းသား ငါးဦးစီ ရွေးချယ်၍ ငွေကျပ် ၁၄ သိန်းနှင့် ညီမျှသော လုပ်ငန်းသုံးပစ္စည်းများ ငှားရမ်းသုံးစွဲခွင့် ပေးသွားမည်ဖြစ်ပြီး အသေးစားလုပ်ငန်းများ ပေါ်ပေါက်လာခြင်းဖြင့် နိုင်ငံတော်၏ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

*စာမျက်နှာ ၆ မှ*

### စတုတ္ထသင်္ဂါယနာ

သီရိလင်္ကာနိုင်ငံ (သီဟိုဠ်)၌ သူပုန်ဘေး၊ ငတ်မွတ်ခေါင်းပါးဘေး စသည့် ကပ်ကြီးနှစ်ပါး အန္တရာယ်ကို ၁၂ နှစ်ကြာမျှ ခံစားခဲ့ရသည်။ ရဟန်းတော်များသည် ပိဋကတ်တော်များ မပျောက်ပျက်ရအောင် ခက်ခက်ခဲခဲ အာဂုံဆောင်ထားကြရသည်။ နောင်အခါတွင် ဤသို့သောအန္တရာယ် ပေါ်ပေါက်လာပါက သီလ၊ သမာဓိ၊ ပညာဆုတ်ယုတ်ကာ နှုတ်တက်မဆောင်နိုင်မည်ကို စိုးရိမ်ကြသည်။

ထို့ကြောင့် သာသနာတော်နှစ် ၄၅၀ (BC- ၉၄) တွင် အရှင်မဟာ ဓမ္မရက္ခိတမထေရ်အမှူးပြုသော သံဃာတော်အပါး ၅၀၀ တို့က မလယဇနပုဒ်၊ အာလောက လိုဏ်ဂူတွင် သင်္ဂါယနာတင်ခဲ့ကြသည်။ စုပေါင်းရွတ်ဆိုတည်းဖြတ်၍ နောင်မပျောက်ပျက်စေရန် ပေထက်အက္ခရာတင်ခဲ့သည်။

ဝဋ္ဋဂါမဏိ မင်းနှင့်ပြည်သူများက ပံ့ပိုးကူညီပေးခဲ့ကြ၏။ အချိန်ကာလအားဖြင့် တစ်နှစ်ကြာသည်။

စတုတ္ထသင်္ဂါယနာ၏ ထူးခြားချက်မှာ ပိဋကတ်သုံးပုံကို နှုတ်တက်အာဂုံဆောင်သော အစဉ်အလာမှ အက္ခရာအသွင်ဖြင့် ပေထက်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

### ပဉ္စမသင်္ဂါယနာ

ပဉ္စမသင်္ဂါယနာကို သာသနာတော်နှစ် ၂၄၁၅ (AD- ၁၈၇၁) တွင် တင်ခဲ့သည်။ စတုတ္ထနှင့် ပဉ္စမတို့ကြားတွင် နှစ်ပေါင်း ၂၀၀၀ ခန့်ကြာခဲ့ပါသည်။ ထိုမျှနှစ်ရှည်ကြာသည့်အတွက် ပေရွက်ပေါ်တင်ထားသော ပိဋကတ်တရားတော်များသည် ရာသီဥတုနှင့် ပိုးမွှားအန္တရာယ်ကြောင့် ကြာရှည်မခံနိုင်တော့ချေ။ ထို့ပြင် **မူကွဲများ ပေါ်ပေါက်လာလေ**သည်။ သို့ဖြစ်၍ အထက်ပါသာသနာနှစ်တွင် မြန်မာနိုင်ငံ ရတနာပုံ နေပြည်တော်(မန္တလေး)၌ သင်္ဂါယနာတင်ခဲ့ရခြင်းဖြစ်ပေသည်။

အရှင်ဇာဂရမထေရ်အမှူးပြုသော သံဃာတော်အပါး ၂၄၀၀ သည် ၁၄-၄-၁၈၇၁ ရက်မှစတင်၍ ပိဋကတ်သုံးပုံတရားတော်များကို ရွတ်ဆိုပူဇော်ခဲ့ရာ ငါးလနှင့်သုံးရက်ကြာခဲ့သည်။ သစ်ဆိမ့်တိုက်မှ ဆရာတော်များက ဝိနည်းပိဋကတ်တော်၊ စလင်းတိုက်မှ ဆရာတော်များက သုတ္တန်ပိဋကတ်တော်နှင့် စံကျောင်းတိုက်မှ ဆရာတော်များက အဘိဓမ္မာ ပိဋကတ်တော်တို့ကို သံပြိုင်ရွတ်ဆို အတည်ပြုခဲ့ကြသည်။

သင်္ဂါယနာတင်ရာတွင် မင်းတုန်းမင်းကြီးနှင့် တိုင်းသူ ပြည်သားတို့က ထောက်ပံ့ကူညီခဲ့ကြသည်။

ပဉ္စမသင်္ဂါယနာ၏ ထူးခြားချက်မှာ ပိဋကတ်တော်များကို ပေပုရပိုက်များပေါ်တွင် ရေးသားခြင်းအားဖြင့် ကြာရှည်မတည်တံ့၊ မခိုင်မြဲနိုင်ခြင်း၊ မူကွဲအမျိုးမျိုးဖြစ်လာနိုင်ခြင်းတို့ကြောင့် ပိဋကတ်တော်များကို ကျောက်ထက်အက္ခရာတင်လှူ ပူဇော်ခဲ့ခြင်းဖြစ်သည်။ အချိန်ကာလအားဖြင့် ခုနစ်နှစ်၊ ခြောက်လ၊ ဆယ့်လေးရက်တိုင်တိုင် ကြာမြင့်ခဲ့ရာ သင်္ဂါယနာသမိုင်းတွင် အချိန်အကြာဆုံး စံချိန်တင်ခဲ့သည်။

စကျင်ကျောက်ချပ် ၇၂၉ ချပ် အသုံးပြုခဲ့ရသည်။ ၎င်းပိဋကတ်ကျောက်စာများကို ကျောက်စာရုံငယ်များ ပြုလုပ်၍ မန္တလေးမြို့ လောကမာရဇိန် ဘုရားဝင်းအတွင်း၌ ထားရှိခဲ့သည်။ ကမ္ဘာ့အကြီးဆုံးစာအုပ် (The World Biggest Book)အဖြစ် ကျော်ကြားလျက်ရှိပါသည်။

### ဆဋ္ဌမသင်္ဂါယနာ

မြန်မာနိုင်ငံသည် နှစ်ပေါင်းတစ်ရာကျော် ကိုလိုနီနယ်ချဲ့ ဗြိတိသျှလက်အောက်တွင် ရောက်ရှိခဲ့သောကြောင့် သာသနာတော် သန့်ရှင်းစင်ကြယ်ရေး၊ ပိဋကတ်တော်သန့်ရှင်းစင်ကြယ်ရေးနှင့် အရှည်တည်တံ့ရေးအတွက် လိုအပ်လာခဲ့သည်။

သာသနာနှစ် ၂၄၉၈၊ ကောဇာသက္ကရာဇ် ၁၃၁၆ (AD-၁၉၅၄)တွင်ညောင်ရမ်းဆရာတော်အရှင်ရေဝတ အမှူးပြုသော သံဃာ ၂၆၁၇ (ပူးတွဲ ၂၅၀၀) က ကဆုန်လပြည့်နေ့မှစ၍ ကမ္ဘာအေးကုန်းမြေ မဟာပါသဏလိုဏ်ဂူသိမ်တော်ကြီးတွင် သင်္ဂါယနာတင်ခဲ့ကြသည်။ ထိုင်း၊ သီရိလင်္ကာ၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံတို့မှ သံဃာများအပါအဝင်ဖြစ်သည်။ သင်္ဂါယနာတင်ပွဲ၌ မဟာစည်ဆရာတော် ဘဒ္ဒန္တသောဘဏ က အမေးဆရာတော် ပုစ္ဆကအဖြစ်လည်းကောင်း၊ မင်းကွန်းဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသက အဖြေဆရာတော် ဝိသဇ္ဇကအဖြစ်လည်းကောင်း ဆောင်ရွက်တော်မူကြသည်။ ပြည်ပနိုင်ငံများမှ သံဃာရာဇာများ၊ နိုင်ငံ့ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

သင်္ဂါယနာကာလမှာ နှစ်နှစ်ဖြစ်သည်။ ထို့ကြောင့် သာသနာနှစ် ၂၅၀၀၊ ကောဇာသက္ကရာဇ် ၁၃၁၈ (AD- ၁၉၅၆) တွင် ပြီးဆုံးလေသည်။ သမ္မတ ဒေါက်တာ ဘဦး၊ ဝန်ကြီးချုပ် ဦးနုနှင့် ပြည်သူလူထုအပေါင်းက အဘက်ဘက်မှ ထောက်ပံ့ကူညီပေးခဲ့ကြသည်။

ဆဋ္ဌမအကြိမ် သင်္ဂါယနာ၏ ထူးခြားချက်မှာ ဆဋ္ဌမူ ပိဋကတ်တော်များကို ခေတ်အလျောက် ပုံနှိပ်စာအုပ်အဖြစ် ကူးပြောင်းရိုက်နှိပ်နိုင်ခဲ့သောကြောင့် နှုတ်ဆင့်ကမ်းဆောင်ယူခြင်း၊ ပေထက်အက္ခရာတင်ခြင်း၊ ကျောက်ထက်အက္ခရာတင်ခြင်းတို့ထက် ဖတ်ရှုမှတ်သားရန်နှင့် အနယ်နယ်အရပ်ရပ် ကမ္ဘာအနှံ့သို့ ပြန့်ပွားရန် လွယ်ကူသွားခြင်းဖြစ်သည်။ ပရိယတ္တိသင်ကြားရာတွင် လွယ်ကူထိရောက်မှုရှိသွားသည်။ ထို့ပြင် ပိဋကတ်သုံးပုံ တရားတော်များကို အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်ဖြန့်ဝေနိုင်ခြင်း၊ အင်တာနက်ပေါ် တင်နိုင်ခြင်း၊ လက်ကိုင်ဖုန်းထဲထည့်၍ မိမိနှင့်အတူ ယူဆောင်သွားနိုင်ခြင်းတို့ကြောင့် သာသနာပြုလုပ်ငန်းကို များစွာအထောက်အကူရပေသည်။

သင်္ဂါယနာ ခြောက်တန်၏ အကြောင်းရင်းကို ကြည့်လျှင် ပ- ဒု- တ အကြိမ်များမှာ သံဃာ၏ အန္တရာယ်ကြောင့်၊ စတုတ္ထမှာ ကပ်နှစ်ပါးကြောင့် သံဃာများ နှုတ်တက်မဆောင်နိုင်မည်စိုး၍ ဖြစ်၏။ ပဉ္စမအကြိမ်မှာ ပေရွက်ထက်ခိုင်ခံ့သော ကျောက်ထက်တင်ရန်နှင့် မူကွဲပေါ်လာသောကြောင့် ဖြစ်ကြောင်း တွေ့ရ၏။ ဆဋ္ဌမအကြိမ်သည်ကား ကျွန်သက်နှစ် ၁၀၀ အတွင်း ညှိုးမှိန်ခဲ့သော သာသနာကို အရောင်တင် သန့်စင်ရန်ဖြစ်ပါ၏။ ချုပ်လိုက်လျှင် ထေရဝါဒသာသနာတော် သန့်ရှင်းစင်ကြယ်ရန်နှင့် တည်တံ့ခိုင်မြဲရန် သင်္ဂါယနာတင်ကြခြင်းဖြစ်သည်။

**ယနေ့ မိမိတို့၏ ထေရဝါဒ ဗုဒ္ဓသာသနာသည် မည်မျှသန့်ရှင်းစင်ကြယ်နေပါသနည်း။ မည်မျှ ဘုရားဟောနှင့်ဆန့်ကျင်သော ဟောပြောရေးသားမှု မိစ္ဆာအယူတွေ ပေါ်ပေါက်နေပါသနည်း။ ဝိနည်းနှင့် မညီသော အကျင့်သီလပျက်သော သံဃာတွေ မည်မျှရှိနေပါသနည်း။ ခေတ်ကိုအကြောင်းပြု၍ မည်မျှ ဝိနည်းကို မျက်ကွယ်ပြုနေကြသနည်း။ သံဃာ့ဓူရ နှစ်ဖြာ (ပရိယတ္တိ+ ပဋိပတ္တိ) ကို ငြိမ်းအေးချမ်းသာစွာ ကျင့်ကြံနိုင်ကြပါသလား။ ဓမ္မစက်၊ အာဏာစက်သည် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကို ပြည့်ပြည့်ဝဝ ကာကွယ်စောင့်ရှောက်ပေးနိုင်ပါပြီလား။ ။**

ဆန်းစစ်ကြည့်သင့်ပါသည်။
ကာကွယ်စောင့်ရှောက်သင့်လှပါပြီ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ယာယီစာသင်ဆောင် ဆောက်လုပ်ပြီးစီးမှုကြည့်ရှုအားပေး



**နေပြည်တော် ဇွန် ၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ပြည်ပအလှူရှင်များက AHA Centre မှတစ်ဆင့် လှူဒါန်းသော ယာယီစာသင်ဆောင် ဆောက်လုပ်ပြီးစီးမှုနှင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

အဆိုပါယာယီစာသင်ဆောင်သည် အလျားပေ ၉၀၊ အနံပေ ၃၀ ရှိ အသင့်တပ်ဆင်သုံးစွဲနိုင်သည့် ကွန်တိန်နာအဆောက်အအုံဖြစ်ပြီး တည်ဆောက်ချိန် ၁၀ ရက်ခန့်ဖြင့် ဆောက်လုပ်နိုင်ကြောင်းနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငါးဆောင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင်လည်း ငါးဆောင်စီဖြင့် စုစုပေါင်း ယာယီစာသင်ဆောင် အဆောင် ၂၀ ကို အမေရိကန်ဒေါ်လာ ခြောက်သိန်းခန့်ဖြင့် တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် စစ်ကိုင်းမြို့ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးအဖွဲ့ ရောဝတီတံတား(ရတနာပုံ)နှင့် စစ်ကိုင်းမြို့ထွက် ကံတလူဂိတ်တို့ရှိ လုံခြုံရေးအဖွဲ့များနှင့် တွေ့ဆုံ



**မုံရွာ ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ အသခ်ယာရိပ်သာ ညှိခန်းမ၌ စစ်ကိုင်းမြို့ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးအဖွဲ့ ရောဝတီတံတား (ရတနာပုံ) နှင့် စစ်ကိုင်းမြို့ထွက် ကံတလူဂိတ်တို့ရှိ လုံခြုံရေးအဖွဲ့များနှင့် တွေ့ဆုံသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခရီးသွားပြည်သူများ လုံခြုံအေးချမ်းစွာဖြင့် ခရီးသွားလာနိုင်ရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးတို့အတွက် စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အချင်းချင်း ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ဒုတိယရဲတပ်ဖွဲ့မှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးအဖွဲ့ ရောဝတီတံတား (ရတနာပုံ) နှင့် စစ်ကိုင်းမြို့အထွက် ကံတလူဂိတ်တို့ရှိ စုပေါင်းလုံခြုံရေးအဖွဲ့များမှ တာဝန်ရှိသူများက လုံခြုံရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဝင် ဦးမင်းဦး ပုဗ္ဗသီရိမြို့နယ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ တက်ရောက်

**ပုဗ္ဗသီရိ ဇွန် ၃**

နေပြည်တော်ကောင်စီဝင် ဦးမင်းဦးသည် ယနေ့ နံနက်ပိုင်းတွင် အောင်သာယာရပ်ကွက်၊ မိုးသီရိ အထည်ချုပ်စက်ရုံ၊ အထက(၂၀) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းကို ကွင်းဆင်းကြည့်ရှုပြီး မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။



ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးမင်းဦးသည် အောင်သာယာရပ်ကွက် မိုးသီရိအထည်ချုပ်စက်ရုံသို့ ရောက်ရှိပြီး လျှပ်စစ်ဓာတ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည့် အခြေအနေများနှင့် လိုသည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ယင်းနောက် အထက(၂၀) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ပညာသင်ကြားမှုများ အဆင်ပြေစေရေး ယာယီကျောင်းဆောင် အမြန်ပြီးစီးရေးဆောက်လုပ်ရန်နှင့် ကျောင်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ပုဗ္ဗသီရိဘဏ်ခွဲ၌ ပြုလုပ်သည့် ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးရေးစရိတ် ချေးငွေပေးအပ်ပွဲအခမ်းအနားကို တက်ရောက်ပြီး ချေးငွေများကို တောင်သူ ၁၃၇ ဦးအား လက်ဝယ်အရောက်ပေးအပ်ချီးမြှင့်ကာ ဘဏ်၏ ချေးငွေထုတ်ပေးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**နန်းရွှေရတီ (ပြန်/ဆက်)**



# တွံတေးမြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**တွံတေး ဇွန် ၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ယမန်နေ့က တာဝန်ရှိသူများက တက်သစ်ကျေးရွာ၌ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဦးပြည့်စုံမောင်မောင်နှင့် တာဝန်ရှိသူများသည် တက်သစ်ကျေးရွာ၌ အရှည် ၁၁၉၁ပေ၊အကျယ် ၈ ပေ၊ ထု ၆ ပေရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဖွံ့ဖြိုးရေးကော်မတီဝင်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန်နှင့် လအလိုက်ဖြည့်သွင်းရမည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ/မရှိ ကြည့်ရှုစစ်ဆေးသည်။ တက်သစ်ကျေးရွာ၌ အဆိုပါကွန်ကရစ်လမ်းခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ်သန်း ၂၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၅ သန်း၊ စုစုပေါင်းရန်ပုံငွေကျပ် ၃၅ သန်း အသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာပြည်သူကိုယ်တိုင် ၂၀၂၅ ခုနှစ် မေလအတွင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ၂၂၂

# ကျောက်ဆည်မြို့နယ်၌ အခြေခံစက်ချုပ်နည်းပညာသင်တန်း အခမ်းဖွင့်လှစ်

**ကျောက်ဆည် ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ ကျောက်ဆည်မြို့နယ် မယ်ဇယ်ပင်ကျေးရွာ မာရ်အောင်မြင်ဘုရားဝင်းတွင် ယနေ့မွန်းလွဲပိုင်းက အခြေခံစက်ချုပ်နည်းပညာသင်တန်း အခမ်းဖွင့်လှစ်ခဲ့သည်။



အဆိုပါ သင်တန်းတွင် မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းဗိုလ်က အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးအောင်သူက စီမံကိန်းလုပ်ငန်းကို ကျေးရွာကော်မတီထံသို့ ပေးအပ်ခဲ့သည်။

သင်တန်းကို ဇွန် ၂ ရက်မှ ဇူလိုင် ၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ မယ်ဇယ်ပင်ကျေးရွာမှ သင်တန်းသူ ၁၁ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လျှော်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများအတွက် ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ

**နေပြည်တော် ဇွန် ၃**

လျှော်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းများအတွက် ဆရာတော်ကြီးများအား လျှောက်ထားခြင်းနှင့် ဆုံးမဩဝါဒခံယူခြင်းကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၌ ပြုလုပ်ရာ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တက်ရောက်လာကြသူများက သီတဂူဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူတစ်ဦးတို့က လျှော်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် စေတနာရှင် ပြည်သူများက စုပေါင်းဖယ်ရှားရှင်းလင်းပြီးစီးမှုများနှင့် ဘက်စုံပြုပြင် မွမ်းမံပြင်ဆင်တည်ဆောက်မည့် လုပ်ငန်းအစီအမံများကို ဆရာတော်ကြီးများထံ ရှင်းလင်းလျှောက်ထားတင်ပြကြပြီး ဩဝါဒခံယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်မြို့၌ အပတ်စဉ် (၃၁) သူနာပြုသားဖွားသင်တန်းသား သင်တန်းသူများ၏ ဂျူတီကုတ်၊ ဦးဆောင်းအပ်နှင်းပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်ချီးမြှင့်

ပြည် ဇွန် ၃

**ပြည်မြို့ ခေတ္တရာရတနာခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက အပတ်စဉ်(၃၁) သူနာပြုသားဖွား သင်တန်းသား သင်တန်းသူများ၏ ဂျူတီကုတ်၊ ဦးဆောင်းအပ်နှင်းပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး တက်ရောက်ချီးမြှင့်သည်။**

ဦးစွာ သင်တန်းသား သင်တန်းသူများက "ပျူအက" ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအတွင်း ကျေးလက် အစွန်အဖျား ဒေသများအထိ တိုးမြှင့် လွှမ်းခြုံမှုပေးနိုင်ရေး အလေးထား ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် သင်တန်းသားများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး သင်တန်းကျောင်းများ၏ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ပြည်သူအားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သူနာပြုသားဖွားများ၏ ကဏ္ဍသည် အလွန်အရေးကြီးပြီး ကျန်းမာရေး မြှင့်တင်မှုပေးခြင်း၊ ရောဂါကာကွယ်ခြင်း၊ ပဏာမ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင်လည်း အဓိက တာဝန်ယူ ထမ်းဆောင်နေကြသူများပင်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် ပြည်သူ့အကျိုးပြု သူနာပြုကောင်းများဖြစ်အောင် စာတွေ့/လက်တွေ့ကို မျက်ခြည်မပြတ် ဆည်းပူးလေ့လာပြီး ဒီပလိုမာအဆင့်မှ ဘွဲ့ကြိုသိပ္ပံဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာ၊ မဟာသိပ္ပံဘွဲ့၊ ပါရဂူဘွဲ့များကို ပြည်တွင်းသာမက ပြည်ပအထိပါ တက်လှမ်းရယူနိုင်ရေး ကြိုးစားကြစေလိုကြောင်း၊ သင်တန်းက ချမှတ်ထားသည့် စည်းကမ်းများကို လိုက်နာပြီး စံပြသူနာပြု/ သားဖွားဆရာ/ ဆရာမကောင်းများဖြစ်အောင် ကြိုးစားသွားကြစေလိုကြောင်း ပြောကြားသည်။




ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အပတ်စဉ် (၂၈)၊ (၂၉)၊ (၃၀)၊ (၃၁)၊ သူနာပြုနှင့် သားဖွားသင်တန်းပထမ ပညာရည်ချွန်ဆုရရှိသူများအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုအားပေးအပ်သည်။ ထို့နောက်သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီးက ဦးဆောင်း အပ်နှင်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဂျူတီကုတ်နှင့် ဦးဆောင်းများ အပ်နှင်းပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးများက သူနာပြုနှင့် သားဖွားသင်တန်းအပတ်စဉ် (၂၈)၊ (၂၉)၊ (၃၀)နှင့် (၃၁) တို့မှ ဒုတိယ၊ တတိယပညာရည်ချွန်ဆု ရရှိသူများအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြရာ သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဖျော်ဖြေတင်ဆက်ခဲ့သည့် သင်တန်းသား သင်တန်းသူများနှင့် သင်တန်းကျောင်းအတွက် သီးခြားဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်ပြီး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံ အနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် –

- ➢ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ➢ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
- ➢ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး၊ ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ➢ လိုအပ်ပါကငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ➢ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ရွှေ့ပြောင်းထားပါရန်၊
- ➢ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ➢ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ➢ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ➢ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ➢ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့်ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ဖျတ်ခနဲမြင်လိုက်ရတဲ့ နိုင်ငံတကာဆက်ဆံရေး မြင်ကွင်းတစ်ကွက်

*နိုင်ငံတကာရေးရာသုတေသီတစ်ဦး*

**❖ အစ္စရေးသံအမတ်ကြီးက အချို့သော နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ဒေသခံအင်န်ဂျီအိုအဖွဲ့အစည်းတွေဟာ UN က GHF နဲ့ မပူးပေါင်း မဆောင်ရွက်ဖို့ သတိပေးတာကို လျစ်လျူရှုပြီး အစ္စရေးက စီစဉ်ထားတဲ့ ဂါဇာမှာ အကူအညီပေးရေးအစီအစဉ်အသစ်မှာ ပူးပေါင်းပါဝင်ဖို့ သဘောတူခဲ့ပြီးတဲ့နောက် UN က အဲဒီသဘောတူတဲ့ အဖွဲ့အစည်းတွေကို ဘာမှဆွေးနွေးပြောဆိုမှုမပြုဘဲ UN အကူအညီပေးရေး သတင်းအချက်အလက်စနစ်ထဲက ဖယ်ရှားခဲ့တယ်။ ဒါဟာ အနိုင်ကျင့်တာဖြစ်တယ်။ မာဖီးယားလူဆိုးဂိုဏ်းသဖွယ် ပြုမူတယ်ဆိုပြီး အပြင်းအထန် ဝေဖန်ပါတယ်။ UN ဘက်ကတော့ အဲဒီအစ္စရေးသံအမတ်ကြီး မှတ်ချက်နဲ့ပတ်သက်ပြီး ဘာမှမတုံ့ပြန်သေးပါဘူး။ အစ္စရေးနဲ့ အမေရိကန်ဘက်မှာတော့ UN ကထွက်ဖို့အထိ တောင်းဆိုမှုတွေ ပေါ်ထွက်နေပါတယ်**

အခု မေလထဲမှာ နိုင်ငံတကာသတင်းတွေအနက် အတွေ့ရအများဆုံး သတင်းတစ်ပုဒ်က ဂါဇာမှာ အစ္စရေးနဲ့ ကုလသမဂ္ဂ(UN)တို့ အားပြိုင်ကြတဲ့ သတင်းပဲဖြစ်ပါတယ်။ ဒီသတင်းက ဖြစ်နေတာ ကြာပြီဆိုပေမယ့် အတွင်းမှာ တငွေ့ငွေ့လှိုက်စားနေတာ ဖြစ်ပါတယ်။

ပထမအကြိမ် အပစ်အခတ်ရပ်စဲပြီးတဲ့နောက် ၂၀၂၅ ခုနှစ် မေလ ၂ ရက်နေ့မှာ အစ္စရေးက ဂါဇာဒေသဆီ ဝင်ရောက်နေတဲ့ အကူအညီအားလုံးကို ပိတ်ဆို့မယ်လို့ ကြေညာပါတယ်။ ဂါဇာမှာ လူသားချင်းစာနာမှုအကျပ်အတည်း တဖြည်းဖြည်း ဆိုက်ရောက်လာပါတယ်။ အစ္စရေးက ဂါဇာမှာ လူသားချင်းစာနာမှုလုပ်ငန်းတွေကို UN အဖွဲ့အစည်းအစား အစ္စရေးနဲ့ အမေရိကန်က ထောက်ခံမှုပေးထားတဲ့ အမေရိကန်အခြေစိုက် Gaza Humanitarian Foundation (GHF) ကို လုပ်ကိုင်ခွင့်ပေးမယ်လို့ ကြေညာလိုက်တဲ့နောက်ပိုင်း UN အသိုင်းအဝိုင်းမှာ အတော်လေး လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ပါတယ်။

**အစ္စရေးနဲ့ UN တို့ အားပြိုင်ကြ**

၂၀၂၅ ခုနှစ် မေလ ၂၈ ရက်နေ့မှာ UN ဆိုင်ရာ အစ္စရေးသံအမတ်ကြီး Danny Danon က UN ဟာ သူ့နေရာဝင်ယူတဲ့ GHF ကို မစားရတဲ့အမဲ သဲနဲ့ပက်သလို အနှောင့်အယှက်တွေပေးနေတယ်၊ GHF နဲ့ ပူးတွဲလုပ်ကိုင်တဲ့ ဒေသခံ NGO အဖွဲ့အစည်းတွေကို ခြိမ်းခြောက်မှုတွေလုပ်တယ်၊ နှောင့်ယှက်မှုတွေလုပ်တယ်၊ လက်စားချေမှုတွေလုပ်တယ်၊ UN ဟာ လူဆိုးဂိုဏ်းတစ်ခုလို ပြုမူနေတယ်ဆိုပြီး UN လုံခြုံရေးကောင်စီအစည်းအဝေးတစ်ခုမှာ ပြောကြားလိုက်လို့ အတော်ပွဲဆူသွားခဲ့ပါတယ်။ တစ်နည်းပြောရရင်တော့ အစ္စရေးနဲ့ UN တို့ အားပြိုင်ကြတဲ့ သတင်း တစ်နည်း ဂါဇာ လူသားချင်းစာနာမှု အကျပ်အတည်းဟာ ဖျတ်ခနဲမြင်လိုက်ရတဲ့ နိုင်ငံတကာဆက်ဆံရေး မြင်ကွင်းတစ်ကွက်ပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ လူသားချင်းစာနာမှုအကူအညီတို့ရဲ့ သဘောသဘာဝတွေကို အနည်းငယ် တီးခေါက်မိထားဖို့လိုပါတယ်။ နိုင်ငံတကာဆက်ဆံရေးမှာ UN တို့၊ နိုင်ငံတကာ အဖွဲ့အစည်းတို့၊ နိုင်ငံတကာအကူအညီတို့၊ လူသားချင်းစာနာမှုအကူအညီတို့ဆိုတာ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်ပါတယ်။ နိုင်ငံတကာ အဖွဲ့အစည်းတွေဆိုတာ ပုံစံအမျိုးမျိုးရှိပေမယ့် သဘောသဘာဝကတော့ လိုအပ်တဲ့သူတွေဆီ အကူအညီပေးအပ်ဖို့ ဖြစ်ပါတယ်။ နိုင်ငံတကာ အဖွဲ့အစည်းတွေဟာ ဣန္ဒြေကြီးရပါတယ်။ ဆိုလိုတာက ပြည်တွင်းရေး ဝင်ရောက်မစွက်ဖက်ရပါဘူး။ သက်ဆိုင်ရာအစိုးရတွေနဲ့ အဆင်ပြေအောင် ပေါင်းသင်းရပါတယ်။ ဒါမှလည်း ပြည်တွင်းမှာ သူတို့ တရားဝင် ရပ်တည်လို့ရမှာဖြစ်ပါတယ်။ ပြည်တွင်းက လုပ်ဆောင်မှုတွေ အဆင်ပြေချောမွေ့မှာဖြစ်ပါတယ်။ ပြည်ပက သူတို့ နိုင်ငံခြားသားဝန်ထမ်းတွေ အဝင်အထွက် လုပ်လို့ရမှာဖြစ်ပါတယ်။ ဒါကြောင့် သူတို့ဟာ ဘက်မလိုက်ဘူး အကြိမ်ကြိမ်ပြောပြီး သက်ဆိုင်ရာအစိုးရတွေ မူဝါဒအပြောင်းအလဲ ဖြစ်လာအောင် တွန်းအားတွေပေးကြပါတယ်။ ဖိအားတွေ၊ တွန်းအားတွေကတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံတွေက အလိုအလျောက် ပြုပြင်ပြောင်းလဲလာဖို့ ဖြစ်ပါတယ်။

**လူဆိုးစာရင်းသွင်းကြ**

UN ၊ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ပြည်တွင်း အင်န်ဂျီအိုတွေ၊ သတင်းမီဒီယာတွေ ချိတ်ဆက် အလုပ်လုပ်ကြပါတယ်။ ဆိုလိုတာက နိုင်ငံတကာအဖွဲ့ အစည်းတွေဆိုရင် အကူအညီ လိုအပ်တဲ့နေရာတွေဆီ အတားအဆီးမရှိ ဝင်ထွက်ခွင့်ပေးစေချင်တာ ဖြစ်ပါတယ်။ သူတို့လိုချင်တဲ့ အပြောင်းအလဲတွေ ဖြစ်မလာဘူးဆိုရင်တော့ ဣန္ဒြေသိပ်မဆောင်တော့ပါဘူး။ နိုင်ငံတွေအားနည်းရင် အားနည်းသလို စမ်းချင်ကြပါတယ်။ ခွင့်မပြုတဲ့အစိုးရတွေကို လူဆိုး စာရင်းသွင်းကြပါတယ်။

လူသားချင်းစာနာမှု အကူအညီတွေဆိုတာ ပုံစံအမျိုးမျိုးနဲ့ တည်ရှိနိုင်ပါတယ်။ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းတွေက ပေးတာရှိမယ်။ နိုင်ငံသား အလှူရှင်တွေ၊ နိုင်ငံတွင်းက အဖွဲ့အစည်းတွေက ပေးတာရှိမယ်။ နိုင်ငံခြားတိုင်းပြည်တွေက ပေးတာရှိမယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေက ပေးတာရှိပါမယ်။ ရည်ရွယ်ချက်ကတော့ စစ်မက်ပဋိပက္ခတွေကြောင့်ဖြစ်စေ၊ သဘာဝဘေးကြောင့်ဖြစ်စေ၊ အဆင်မပြေ ဒုက္ခရောက်နေတဲ့သူတွေ သက်သာရာရစေဖို့ ဖြစ်ပါတယ်။ လူသားချင်းစာနာမှုအကူအညီဆိုတဲ့သဘောသဘာဝကရေတိုသဘောဖြစ်ပါတယ်။ ရေတိုတောင်မှ ချက်ချင်း အကူအညီလိုအပ်နေတဲ့သူတွေဆီ အခြေခံဆေးဝါးနဲ့ အစားအသောက် အကူအညီတွေရောက်ရှိဖို့ ဖြစ်ပါတယ်။ တစ်နည်းပြောရရင် အသက်ကယ်ဖို့ဖြစ်ပါတယ်။

ဆိုတော့ကာ နိုင်ငံတကာဆက်ဆံရေးမှာ နိုင်ငံတကာအဖွဲ့အစည်းတို့၊ နိုင်ငံတကာအကူအညီတို့၊ လူသားချင်းစာနာမှုအကူအညီတို့ဆိုတာ အရေးကြီးပါတယ်။ သူတို့ကို အတားအဆီးမရှိ လက်ခံစေချင်ကြပါတယ်။ သူတို့ကို မေးမြန်းစိစစ်တယ်ဆိုရင်ပဲ အပြစ်တစ်ခုလိုဖြစ်နေပါတယ်။ လူသားချင်းစာနာမှု အကူအညီတွေနဲ့ပတ်သက်ရင် အထူးသဖြင့် အာဖရိကဘက်မှာ UN တို့၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ သက်ဆိုင်ရာအစိုးရတွေအကြား မကြာခဏ တင်းမာမှုတွေဖြစ်ကြပါတယ်။ အခုလည်း အရှေ့အလယ်ပိုင်းမှာ အစ္စရေးနဲ့ ကုလသမဂ္ဂတို့အကြား တင်းမာမှုက အတော်မြင့်တက်နေပါတယ်။ ပြဿနာကို အကျဉ်းချုပ်မြင်အောင်ပြောရရင် ဂါဇာမှာ ပါလက်စတိုင်းဒုက္ခသည်တွေကို နှစ်ပေါင်းများစွာအကူအညီ အထောက်အပံ့ပေးနေတဲ့ The United Nations Relief and Works Agency for Palestine Refugees (UNRWA)ဆိုတဲ့ အဖွဲ့အစည်းရှိပါတယ်။

**UNRWA ဟာ မယုံကြည်**
**စိတ်မချရဘူးဆိုတဲ့ အမြင်ရှိ**

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့မှာ အစ္စရေးနိုင်ငံဟာ ဟားမတ်စ်စစ်သွေးကြွတွေရဲ့ ရုတ်တရက် စီးနင်းတိုက်ခိုက်ခြင်းခံရပါတယ်။ အစ္စရေးဘက်က ၁၂၀၀ နီးပါးသေကာ ရာနဲ့ချီပြီး ဓားစာခံများအဖြစ် ဂါဇာဘက်ကို ဖမ်းဆီးခေါ်ဆောင်ခြင်းခံရပါတယ်။ အဲဒီအချိန်ကစပြီး အစ္စရေးဘက်ကလည်း ဟားမတ်စ်တို့ရှိရာ ဂါဇာဘက်ကို မြေပြင်၊ ဝေဟင်ကနေ အကြီးအကျယ် လက်တုံ့ပြန်တိုက်ခိုက်လို့ ဟားမတ်စ်ထိန်းချုပ်တဲ့ အဖွဲ့အစည်းတွေ အဆိုအရ ၂၀၂၅ ခုနှစ် မေလကုန်အထိ လူငါးသောင်းကျော် သေပါတယ်။ အောက်တိုဘာလ ၇ ရက်နေ့မှာ ဝင်ရောက်တိုက်ခိုက်ခဲ့တဲ့ ဟားမတ်စ်စစ်သွေးကြွတွေထဲမှာ UNRWA ရဲ့ ဝန်ထမ်း ၁၂ ဦးပါတယ်ဆိုပြီး အစ္စရေးဘက်က စွပ်စွဲပါတယ်။ UNRWA ဟာ ဂါဇာဒေသ တစ်ခုတည်းမှာတင် ဒေသခံဝန်ထမ်းပေါင်း ၁၀၀၀၀ ကျော်ခန့်ထားပါတယ်။ အခု သူတို့ဝန်ထမ်းအချို့ဟာ တိုက်ခိုက်မှုမှာ တိုက်ရိုက်ပါတယ်။ အချို့ဟာလည်း UN ရဲ့ ရုံးအသုံးအဆောင်ပစ္စည်းတွေကို အသုံးပြုကာ အကြမ်းဖက်ကို အကူအပံ့ဖြစ်စေတယ်ဆိုပြီး အစ္စရေးက စွပ်စွဲပါတယ်။ UN ရဲ့ ဒုက္ခသည်တွေကိုပေးတဲ့ အကူအညီအချို့ဟာ ဟားမတ်စ်စစ်သွေးကြွတွေဆီကို သွယ်ဝိုက်ရောက်ရှိနေတယ်လို့လည်း အစ္စရေးက ယုံကြည်ပါတယ်။ ဒီတော့ အစ္စရေးဘက်ကလည်း ဂါဇာပြဿနာဖြေရှင်းရာမှာ UN အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ UNRWA ဟာ မယုံကြည် စိတ်မချရဘူးဆိုတဲ့ အမြင်ရှိပါတယ်။ နောက်ဆုံး အမေရိကန်အခြေစိုက် Gaza Humanitarian Foundation (GHF) ကို UN အစား လုပ်ပိုင်ခွင့်ပေးဖို့ အစ္စရေးဘက်က လုပ်ဆောင်လာပါတယ်။

GHF ဟာ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလထဲမှာ အမေရိကန်နိုင်ငံမှာ တည်ထောင်ခဲ့တာဖြစ်ပြီး နောက်ကွယ်မှာ အစ္စရေးနဲ့ အစ္စရေးလိုလားသူတွေ ထောက်ပံ့ထားတဲ့ အဖွဲ့အစည်းဖြစ်တယ်ဆိုပြီး စွပ်စွဲမှုတွေရှိပါတယ်။ အနည်းဆုံးတော့ GHF ဟာ အစ္စရေးအစိုးရ ခွင့်ပြုတဲ့နေရာတွေမှာပဲ လူသားချင်းစာနာမှုအကူအညီတွေပေးပါတယ်။ သူ့လုံခြုံရေးကိုတော့ အမေရိကန် ပုဂ္ဂလိကလုံခြုံရေး ကုမ္ပဏီအချို့နဲ့ အစ္စရေးစစ်တပ်က တာဝန်ယူပါတယ်။

အခုလို အစ္စရေးက ကုလသမဂ္ဂကို လျစ်လျူရှုပြီး သူတို့နဲ့အဆင်ပြေတဲ့ အခြားအဖွဲ့အစည်းကို လူသားချင်းစာနာမှုတွေ လုပ်ဆောင်စေတာကို UN က လုံးဝမကျေနပ်ပါဘူး။ ဒါဟာ သူတို့အသည်းခားနဲ့ခွဲတာပါပဲ။ အဲဒီလိုအစီအစဉ်သာ အောင်မြင်သွားခဲ့ရင် အခြားနိုင်ငံတွေကလည်း တုပလိုက်လုပ်လာကြရင် မခက်ပေဘူးလား။ အစ္စရေးကို ဂါဇာအပေါ် ပိတ်ဆို့မှုတွေအဆုံးသတ်ဖို့ ဖိအားအမျိုးမျိုးပေးပါတယ်။ ဂါဇာမှာရှိတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကလည်း အော်တယ်။ အရှေ့အလယ်ပိုင်းဆိုင်ရာ UN အထူးကိုယ်စားလှယ်ကလည်း အော်တယ်။ UN လူသားချင်းစာနာမှုအကြီးအကဲကလည်း အော်တယ်။ အခြား UN အဖွဲ့အစည်းတွေဖြစ်တဲ့ WFP တို့၊ UNICEF တို့၊ WHO တို့ကလည်း အော်တယ်။ နောက်ဆုံး UN အကြီးအကဲကလည်း အော်တယ်ပေါ့။ ဂါဇာမှာ လူတွေသေပါတော့မယ်ပေါ့။ လူတွေ ငတ်မွတ်နေပါပြီပေါ့။ ကလေးတွေ ဘယ်လောက်သေဆုံးပါလိမ့်မယ်ပေါ့။ UN လူသားချင်းစာနာမှုအကြီးအကဲ Tom Fletcher ကဆိုရင် အကူအညီတွေသာ ဂါဇာကို အချိန်မီမရောက်ဘူးဆိုရင် ၄၈ နာရီအတွင်း ကလေးငယ် ၁၄၀၀၀ လောက်အထိ အသက်ဆုံးနိုင်တယ်ဆိုပြီး အတိအကျ ပြောပါတယ်။

*စာမျက်နှာ ၁၁ သို့*

**“UN ၊ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ပြည်တွင်းအင်န်ဂျီအိုတွေ၊ သတင်းမီဒီယာတွေ ချိတ်ဆက်အလုပ်လုပ်ကြပါတယ်။ ဆိုလိုတာက နိုင်ငံတကာအဖွဲ့အစည်းတွေဆိုရင် အကူအညီ လိုအပ်တဲ့နေရာတွေဆီ အတားအဆီးမရှိ ဝင်ထွက်ခွင့်ပေးစေချင်တာ ဖြစ်ပါတယ်။ သူတို့လိုချင်တဲ့ အပြောင်းအလဲတွေ ဖြစ်မလာဘူးဆိုရင်တော့ ဣန္ဒြေသိပ်မဆောင်တော့ပါဘူး။ နိုင်ငံတွေအားနည်းရင် အားနည်းသလို စမ်းချင်ကြပါတယ်။ ခွင့်မပြုတဲ့အစိုးရတွေကို လူဆိုးစာရင်းသွင်းကြပါတယ်”**

## ရွှေဘိုမြို့ ရှေးဟောင်းသမိုင်းဝင် ပုခန်းဘုရား(ဒုံးဘုရား)စေတီတော် ပြုပြင်မွမ်းမံရန် အလှူငွေပေးအပ်

**ရွှေဘို ဇွန် ၃**


စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၃)ရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် ငါးမည်ရ (ရွှေဘုံသာ၊ စေတီလှ၊ ဆုတောင်းပြည့်၊ ပုခန်းဘုရား၊ ဒုံးဘုရားကြီး)စေတီတော် မြတ်ကြီး မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသဖြင့် ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ဂေါပကအဖွဲ့၊ ပစ္စည်းဝယ်ယူရေးအဖွဲ့နှင့် တည်ဆောက်ရေးအဖွဲ့တို့အား အလှူငွေပေးအပ်ခြင်းကို မေ ၂၈ ရက်က အဆိုပါစေတီတော်ရှိ ဓမ္မာရုံ၌ ကျင်းပသည်။



ထို့နောက် ရွှေဘိုမြို့နယ် သံဃနာယကဥက္ကဋ္ဌ ပုခန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ ဘဒ္ဒန္တဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိသုတထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းတင်ထွေးနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံ တပ်နယ်မှ တပ်မတော်သားများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်အမျိုးသမီးရေးရာ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများက လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းရာ စစ်ကိုင်းတိုင်းဒေသကြီး သံဃနာယကအဖွဲ့ တွဲဖက်အကျိုးဆောင် အောင်မြေကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မမှ အနုမောဒနာ တရားတော် ဟောကြားချီးမြှင့်သည်။

**ခရိုင်(ပြန်/ဆက်)**



## ဗဟန်းမြို့နယ်၌ ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲဖြေဆို

**ရန်ကုန် ဇွန် ၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကျင်းပသော ရန်ကုန် အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်၌ မန္တလေးငလျင်ကြီးကြောင့် ရပ်နားထားသော အစိုးရဓမ္မာစရိယစာမေးပွဲကို ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် အာဇာနည်ဗိမာန်လမ်းရှိ ရှင်သာမဏေဓမ္မဗိမာန်၌ ယမန်နေ့က ဖြေဆိုတော်မူလျက်ရှိရာ ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ ဘာသာရပ်(ပထမ)နေ့တွင် စာရင်းရှိစာဖြေသံဃာတော်၊ သီလရှင်နှင့် လူပုဂ္ဂိုလ် စုစုပေါင်း ၁၁၇၈ ပါး ဖြေဆိုကြကြောင်း မြို့နယ်သာသနာရေး ဦးစီးဌာနမှ သိရသည်။

စာဖြေသံဃာတော်နှင့် သီလရှင်များ စိတ်အေးချမ်းသာစွာ စာဖြေဆိုနိုင်ရန် နိုင်ငံတော်သံဃမဟာနာယကဒုတိယဥက္ကဋ္ဌ ဆရာတော် ဦးသုစိတ္တ (နေနတ်သားဆရာတော်)နှင့် နိုင်ငံတော်သံဃမဟာနာယကဆရာတော် ငါးပါး၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တ အဂ္ဂသာမိ၊ စာမေးပွဲကြီးကြပ်ရေးအဖွဲ့နှင့် ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဂုဏာလင်္ကာရမဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်နှင့် ကြီးကြပ်ရေးဆရာတော် ၄၂ ပါး၊ ကမာရွတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဝေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါ စာမေးပွဲကို ဇွန် ၂ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ပြန်/ဆက်)**

## သထုံမြို့နယ်၌ သက်မွေး အထောက်အကူပြု သင်တန်းဖွင့်



**သထုံ ဇွန် ၃**

သက်မွေးအထောက်အကူပြုအခြေခံအလှပန်းနှင့် ပန်းကြယ်သီးထိုးနည်း သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်က မွန်ပြည်နယ် သထုံမြို့ လိပ်အင်းရပ်ကွက်ရှိ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် သထုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မိုးစိုးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်မြင့်သွယ်ဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က သင်တန်းသူတို့အား သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် ကျွမ်းကျင်နည်းပြများက သထုံမြို့နယ်အတွင်းရှိ စခန်းကြီး၊ ဆင်ဖြူကျွန်း၊ ထောင်မှူး၊ နောင်ဘို၊ ကျောင်းဇရပ်ကျေးရွာတို့မှ သင်တန်းသူ ၂၀ တို့အား ငါးရက်ကြာသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျိုင်းတုံမြို့၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**ကျိုင်းတုံ ဇွန် ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ အခွန်ပညာပေး ရှင်းလင်းပွဲကို ဇွန် ၃ ရက်က မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်ကေသွယ်ကျော်က အခွန်ကောက်ခံရသည့် ရည်ရွယ်ချက်များအကြောင်း၊ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာအကြောင်းစသည့် ပြည်တွင်းအခွန်ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အခွန်အကြောင်း သိကောင်းစရာများကို အသိပညာပေး ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် လုပ်ငန်းရှင်ပြည်သူများက သိလိုသည်များ မေးမြန်းဆွေးနွေးကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**





ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် လေ့ကျင့်ရေးကွင်းအတွင်း ဇွန် ၂ ရက်တွင် ရှာဖွေကယ်ဆယ်ရေးအထူးအဖွဲ့များနှင့် အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေး သင်တန်းသားများ ပူးတွဲလေ့ကျင့်နေမှုများအား မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက ကြည့်ရှုအားပေးစဉ်။ဟိန်းထက်ဇော်(မြန်မာ့အလင်း)

*စာမျက်နှာ ၁၀ မှ*

တစ်နည်း ပါးစပ်ပိတ်နေတဲ့ အစ္စရေးနဲ့ အမေရိကန်တို့ကို ဖိအားပေးတာပေါ့။ သတင်းမီဒီယာတွေကလည်း အားအင်ချည့်နဲ့၊ အစာအာဟာရပြတ်နေတဲ့ ကလေးသူငယ်ပုံတွေဖော်ပြပြီး သတင်းတင်ပေးကြပါတယ်။ ဥရောပ အင်အားကြီးတွေဖြစ်တဲ့ UK၊ ပြင်သစ်နဲ့ ကနေဒါတို့ကလည်း အစ္စရေးကို ဂါဇာနဲ့ အနောက်ဘက်ကမ်းက အခြေအနေတွေအတွက် ပြစ်တင်ဝေဖန်ပါတယ်။

**ဒေသခံတွေကော လူမှုအဖွဲ့အစည်းတွေပါ အစ္စရေးနဲ့ UN အကြား ကြားညပ်နေကြ**

အဲဒီလို ဖိအားတွေကြားထဲကပဲ ၂၀၂၅ ခုနှစ် မေလ ၂၇ ရက်နေ့မှာ အစ္စရေးခွင့်ပြုချက်နဲ့ GHF က ဂါဇာမှာ လူသားချင်းစာနာမှုအကူအညီတွေ စပေးပါတယ်။ UN က သူတို့ ပူးပေါင်းဆောင်ရွက်မှာ မဟုတ်ဘူးလို့ ကြေညာပါတယ်။ ဟားမတ်စ်တွေကလည်း GHF နဲ့ ပူးပေါင်းဆောင်ရွက်ခြင်း မပြုလုပ်ဖို့ ဒေသခံအဖွဲ့အစည်းတွေကို သတိပေးပါတယ်။ အကူအညီစပေးတဲ့နေ့မှာပဲ ရုန်းရင်းဆန်ခတ်မှု အချို့ရှိတယ်၊ အသေအပျောက်အချို့ရှိတယ်ဆိုပြီး သတင်းတွေတက်လာပါတယ်။ သို့သော် အကူအညီ အများစုကတော့ အစီအစဉ်အတိုင်း ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ သို့သော် GHF ဟာ ဂါဇာမှာ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်လုပ်ဆောင်ဖို့ အခက်အခဲတွေ ရှိနေပါတယ်။ ဒေသခံအဖွဲ့အစည်းတွေကလည်း သူနဲ့ ပေါ်ပေါ်တင်တင် အလုပ်မလုပ်ရဲကြပါဘူး။ ဂါဇာဒေသခံတွေရော လူမှုအဖွဲ့အစည်းတွေပါ အစ္စရေးနဲ့ UN အကြား ကြားညပ်နေကြပါတယ်။

အဲဒီလိုအခြေအနေမှာပဲ UN ဆိုင်ရာ အစ္စရေးသံအမတ်ကြီးရဲ့ UN ဟာ သူသာလုပ်ခွင့်မရရင် အခြားသူလည်း လုပ်ခွင့်မရစေရဘူးဆိုတဲ့ လူဆိုး၊ လူမိုက်ဂိုဏ်းဆန်ဆန် ပြုမူနေတယ်ဆိုပြီး ပြောဆိုချက်ထွက်ပေါ်လာပါတယ်။ အစ္စရေးသံအမတ်ကြီးက အချို့သော နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ဒေသခံ အင်န်ဂျီအိုအဖွဲ့အစည်းတွေဟာ UN က GHF နဲ့ မပူးပေါင်း မဆောင်ရွက်ဖို့ သတိပေးတာကို လျစ်လျူရှုပြီး အစ္စရေးက စီစဉ်ထားတဲ့ ဂါဇာမှာ အကူအညီပေးရေးအစီအစဉ်အသစ်မှာ ပူးပေါင်းပါဝင်ဖို့ သဘောတူခဲ့ပြီးတဲ့နောက် UN က အဲဒီ သဘောတူတဲ့ အဖွဲ့အစည်းတွေကို ဘာမှဆွေးနွေး

> **အစ္စရေးနဲ့ UN တို့ရဲ့ သံတမန်ရေးအားပြိုင်မှုတွေမှာ သင်ခန်းစာယူစရာတွေရှိပါတယ်။ မြန်မာနိုင်ငံဟာလည်း လူသားချင်းစာနာမှု အကူအညီတွေ၊ နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ မကင်းလှတာမို့ အခုဖြစ်နေတဲ့ အစ္စရေးနဲ့ UN အကြား တင်းမာမှုတွေကို အနီးကပ် စောင့်ကြည့်လေ့လာသင့်. . .**

ပြောဆိုမှုမပြုဘဲ UN အကူအညီပေးရေး သတင်းအချက်အလက်စနစ်ထဲက ဖယ်ရှားခဲ့တယ်။ ဒါဟာ အနိုင်ကျင့်တာဖြစ်တယ်။ မာဖီးယား လူဆိုးဂိုဏ်း သဖွယ်ပြုမူတယ်ဆိုပြီး အပြင်းအထန် ဝေဖန်ပါတယ်။ UN ဘက်ကတော့ အဲဒီအစ္စရေးသံအမတ်ကြီး မှတ်ချက်နဲ့ပတ်သက်ပြီး ဘာမှမတုံ့ပြန်သေးပါဘူး။ အစ္စရေးနဲ့ အမေရိကန်ဘက်မှာတော့ UN ကထွက်ဖို့ အထိ တောင်းဆိုမှုတွေ ပေါ်ထွက်နေပါတယ်။

အခုဖြစ်ပွားနေတဲ့ အစ္စရေးနဲ့ UN တို့ရဲ့ သံတမန်ရေးအားပြိုင်မှုတွေမှာ သင်ခန်းစာယူစရာတွေရှိပါတယ်။ မြန်မာနိုင်ငံဟာလည်း လူသားချင်းစာနာမှု အကူအညီတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့မကင်းလှတာမို့ အခုဖြစ်နေတဲ့ အစ္စရေးနဲ့ UN အကြား တင်းမာမှုတွေကို အနီးကပ်စောင့်ကြည့်လေ့လာသင့်ပါကြောင်း သုံးသပ်လေ့လာ တင်ပြလိုက်ရပါတယ်။ ။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ မန္တလေးတက္ကသိုလ် အကယ်ဒမီဆောင်သို့သွားရောက်၍ သတ္တဗေဒဌာန၊ ရုက္ခဗေဒဌာနနှင့် ဘူမိဗေဒဌာနတို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးနေရာများအား လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၃**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မန်ကျည်စင်ရပ်ကွက်ရှိ ဘုရားကြီးကျောင်းတိုက်၊ စီတီးရပ်ကွက်ရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီ၊ ပိုးတန်းရပ်ကွက်ရှိ ထူပါရုံစေတီနှင့် သောတပန်ရပ်ကွက်ရှိ စာသင်တိုက်များ၌ အပျက်အစီးများကို မိုးမကျမီ ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် စက်ယန္တရားအင်အားများတိုးချဲ့၍ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများ၊ အဖွဲ့အစည်းအသီးသီးက စုပေါင်းရှင်းလင်းဖယ်ရှားနေမှုများနှင့် ပြန်လည်ပြုပြင်မွမ်းမံနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ရှိ ငလျင်ဒဏ်သင့်ပြည်သူများအတွက် တပ်မတော်ရေသန့်စက်ဖြင့် ရေသန့်ထုတ်ဝေပေးနေမှုများ၊ နန်းဦးမြို့သစ်ရှိ ဝန်ထမ်းအိမ်ရာများတွင် မိုးမကျမီ အမြန်ဆုံးပြောင်းရွှေ့နေထိုင်နိုင်ရန် Modular House ဆောက်လုပ်ပြီးစီးမှုနှင့် ဆောက်လုပ်နေမှုများ၊ စစ်ကိုင်းမြို့အတွင်းရှိ နေအိမ်အဆောက်အအုံများနှင့် တကောင်းရပ်ကွက် ဧရာဝတီမြစ်ကူးတံတား (စစ်ကိုင်း)အောက် မြေနိမ့်ပိုင်းရှိ ရေဝပ်သောနေရာများအား စက်ယန္တရားများဖြင့် မြေဖို့ခြင်းဆောင်ရွက်နေမှုနှင့် ပါရမီရပ်ကွက် နှစ်(၇၀၀)ပြည့် အားကစားကွင်းရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းမှ ငလျင်ဒဏ်သင့်ပြည်သူများ၏ စားသောက်နေထိုင်ရေးအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးတက္ကသိုလ်သို့ သွားရောက်၍ ပင်မဆောင်အပေါ်ထပ်ရှိ ငလျင်ဒဏ်ကြောင့် မီးလောင်ပြိုကျပျက်စီးခဲ့သော အပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းခြင်းနှင့် လုပ်ငန်းတိုးတက်မှုများ၊ ပြန်လည်အသုံးပြု၍ရသည့် ပရိဘောဂပစ္စည်းများ၊ စာအုပ်စာစောင်များ၊ သင်ထောက်ကူပစ္စည်းများကို ရွှေ့ပြောင်းထားရှိမှုများနှင့် ဌာနအသီးသီးရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးနေရာများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆရာ ဆရာမများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းရင်းဆေးရုံကြီးနှင့် ချမ်းမြသာစည်မြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(မန္တလေး)တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကုသဆောင်များမှ အပျက်အစီးများကို အဖွဲ့အစည်းအသီးသီးက ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု၍ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(မန္တလေး)အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် အမရပူရမြို့နယ်ရှိ အောင်ချမ်းသာဘုရားသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အပျက်အစီးများအား ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ရှိ ကျောက်ဆည်တက္ကသိုလ်၌ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အပျက်အစီးများကို ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ကွန်ပျူတာတက္ကသိုလ်(မန္တလေး)၌ ငလျင်ဒဏ်ကြောင့် စာမေးပွဲဖြေဆိုရန် ရပ်တန့်ခဲ့ရသော ကျောင်းသား ကျောင်းသူများ စာမေးပွဲပြန်လည်ဖြေဆိုနေမှုများနှင့် ယာယီစာသင်ဆောင်များဆောက်လုပ်နေမှုများ၊ တရုတ်စုရပ်ကွက် မျက်စိအထူးကုဆေးရုံရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများနှင့် ဆေးကုသမှုများ ဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ရန်အောင်မြင်ရပ်ကွက်ရှိ ရွှေကျောင်းကျောင်းတိုက်တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ပြင်ဆင်ဆောက်လုပ်နေမှုများကို သွားရောက်ကြည့်ရှု၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ခန္တီးမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားကာ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

◆ *ကျော်ဖုံးမှ*

အသင်းအတွက် ပွဲပေါင်း ၂၉၀ ပါဝင်ကစားထားရာ ၉၈ ဂိုးသွင်းယူပေးထားသည်။ ၎င်းသည် ပြီးခဲ့သည့်ရာသီတွင် မန်ယူအသင်းအတွက် ပြိုင်ပွဲအရပ်ရပ်တွင် ၁၉ ဂိုးသွင်းပြီး ဂိုးဖန်တီးမှု ၁၉ ကြိမ် ပြုလုပ်ထားသည်။

အခြားသတင်းတစ်ရပ်တွင် စီးရီးအေကလပ် အင်တာမီလန်အသင်းသည် မန်ယူအသင်းမှ ဒိန်းမတ် တိုက်စစ်ကစားသမား ဟွိုက်လန်း (၂၂ နှစ်) ကို အငှား ခေါ်ယူလိုနေကြောင်း သိရသည်။

၎င်းသည် ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် စီးရီးအေကလပ် အတ္တလန္တာအသင်းမှ ပေါင် ၇၂ သန်းဖြင့် မန်ယူအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်သည်။

**အောင်ဇော်**

❖ *ကျော်ဖုံးမှ*

နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်းက ကိုင်တွယ်နေသည်။ မြန်မာ့လက်ရွေးစင်အသင်း ပဏာမလူစာရင်းတွင် ဂိုးသမား- ဇင်ညီညီအောင်၊ ဆန်းဆက်နိုင် (ရန်ကုန်ယူနိုက်တက်)၊ နေလင်းထက် (ဟံသာဝတီယူနိုက်တက်)၊ ချစ်မင်းထွေး (အားကာသီပွဲ)၊ နောက်တန်း-ဟိန်းဖြိုးဝင်း၊ အောင်ဝဏ္ဏစိုး၊ နန္ဒကျော်၊ ဇွဲခန့်မင်း၊ သက်ဟိန်းစိုး(ရှမ်းယူနိုက်တက်)၊ သီဟထက်အောင် (ရခိုင်ယူနိုက်တက်)၊ ဟိန်းဇေယျာလင်း၊ ဥက္ကာနိုင်(ရန်ကုန်ယူနိုက်တက်)၊ ကျော်သီဟဇော် (အားကာသိပ္ပံ)၊ စိုးမိုးကျော် (အူထိုင်းထာနီ-ထိုင်း)၊ အလယ်တန်း - ဝေလင်းအောင်၊ ဇော်ဝင်းသိန်း (ရန်ကုန်ယူနိုက်တက်)၊ မင်းမော်ဦး (သစ္စာအားမာန်)၊ လွင်မိုးအောင် (ရရောင်း-ထိုင်း)၊ ကျော်မင်းဦး (PDRM-မလေးရှား)၊ အောင်နိုင်ဝင်း၊ အောင်လှိုင်ဝင်း (ရခိုင်ယူ နိုက်တက်)၊ မြတ်ကောင်းခန့်၊ ခွန်ကျော်ဇင်ဟိန်း၊ ရဲရင့်အောင် (ရှမ်းယူနိုက်တက်)၊ သီဟဇော် (နာဂါဝေါလ်- ကမ္ဘောဒီးယား)၊ ဟိန်းထက်အောင် (နီဂျီရီဆမ်ဘီလန်-မလေးရှား)၊ မောင်မောင်လွင် (လမ်ဖွန်ဝါရီယာ-ထိုင်း)၊ ရှေ့တန်း-ဝင်းနိုင်ထွန်း (ချင်းရိုင်ယူနိုက်တက်-ထိုင်း)၊ သန်းပိုင် (ကန်ချာနာဘူရီ-ထိုင်း)၊ ပြည်မိုး (ရတနာပုံ)နှင့် အောင်ကောင်းမာန် (ဖရေးယူနိုက်တက်-ထိုင်း)တို့ ပါဝင်ကြသည်။

ယခင်ရေးဆွဲထားသည့် ပွဲစဉ်အရ ယင်းပွဲကို ပါကစ္စတန်နိုင်ငံ၌ ကျင်းပမည်ဖြစ်သော်လည်း ပါကစ္စတန်ဘောလုံးအဖွဲ့ချုပ်၏ တောင်းဆိုမှုကြောင့် အိမ်ကွင်းပြောင်းလဲကာ မြန်မာနိုင်ငံတွင် စတင်ကစားကာ ဒုတိယအကျော့မှသာ အဝေးကွင်းကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အာရှဖလားတတိယအဆင့်ခြေစစ်ပွဲတွင် အုပ်စု(E)၌ ဆီးရီးယား၊ အာဖဂန်နစ္စတန်၊ ပါကစ္စတန်အသင်းတို့နှင့် ကျရောက်နေသည်။ အုပ်စုအဖွင့်ပွဲတွင် မြန်မာအသင်းက အာဖဂန်နစ္စတန်အသင်းကို အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ပါကစ္စတန်အသင်းမှာမူ ဆီးရီးယားအသင်းကို အဝေးကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-သော်လေး**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၀ ဦးနှင့် ဂါနာနိုင်ငံသား နှစ်ဦးတို့အား ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



**နေပြည်တော် ဇွန် ၃**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံ ဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-မဲ့ထော်သလေး(KK Park)နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၀ ဦးနှင့် ဂါနာနိုင်ငံသား နှစ်ဦး စုစုပေါင်း ၁၂ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်း ကောက်ယူခြင်းလုပ်ငန်းနေ့ချင်းပြီး ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇွန် ၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၁၄ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၆၉၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၁၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းများက စာရင်းကျွမ်းကျင်သူများ မွေးထုတ်

**နေပြည်တော် ဇွန် ၃**

သမဝါယမကဏ္ဍက အရည်အချင်းပြည့်မီသော စာရင်းကျွမ်းကျင်သူများ မွေးထုတ်ပေးရန်၊ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်စေရန်၊ အခြေခံပညာ Grade – 9 အောင်မြင်ပြီး ပညာဆက်လက်သင်ယူရန် အခက်အခဲရှိသူများ တက်ရောက်နိုင်စေရန် ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှစကာ သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာ သင်တန်းကျောင်း (မကွေး၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်) များတွင် အခြေခံပညာ ကျောင်းများကဲ့သို့ နှစ်စဉ် ဇွန်လမှ ဖေဖော်ဝါရီလအထိ သင်တန်းကာလကိုးလဖြင့် သုံးနှစ်သင်တန်းကို ဖွင့်လှစ်လျက်ရှိသည်။

သင်တန်း ကျောင်းများက သင်တန်းတက်ရောက်သည့် ကျောင်းသား ကျောင်းသူများအား သင်တန်းတက်ရောက်စဉ်ကာလအတွင်း အခမဲ့စားသောက်နိုင်ရေး စီစဉ်ပေးခြင်း၊ နေထိုင်ရေးအတွက် အဆောင်များ စီစဉ်ထားရှိခြင်း၊ ပညာသင်ကြားရေးအတွက် စာရေးကိရိယာများ၊ ပြဋ္ဌာန်းစာအုပ်များအပြင် ပညာသင်ထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လငွေကျပ် ၁၀၀၀၀ နှုန်း ထောက်ပံ့ပေးလျက်ရှိသည်။

အဆိုပါ သုံးနှစ်သင်တန်းတွင် ပညာရေးဝန်ကြီးဌာန အခြေခံပညာအထက်တန်းအဆင့် Grade – 10, Grade –11,Grade –12 တို့၌ သင်ကြားသော မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ Accoun–ting နှင့် Computer ဘာသာရပ်များကို သင်တန်းကာလအတွင်း စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိပြီး လက်တွေ့လုပ်ငန်းခွင်ဝင်ရာတွင် အသင့်ဖြစ်စေရန်အတွက် Internship Program များနှင့် ကုမ္ပဏီ၊ စီးပွားရေးအသင်းအဖွဲ့များသို့ သွားရောက်ကွင်းဆင်းလေ့လာနိုင်ရေး ဆောင်ရွက်သင်ကြားပေးလျက် ရှိသည်။ သင်တန်းပြီးမြောက်အောင်မြင်သူများကို လက်မှတ်ရ စီးပွားရေးစာရင်းကိုင်ပညာ (Certificate in Business Accounting) အောင်လက်မှတ်ပေးအပ်ချီးမြှင့်လျက်ရှိသည်။ သင်တန်းပြီးမြောက်အောင်မြင်၍ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများသည် သမဝါယမကောလိပ်များသို့ ပေါင်းကူးတက်ရောက်ခွင့်ရရှိနိုင်မည်ဖြစ်သည်။



ထို့ပြင် သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများမှ သင်တန်းပြီးမြောက်ပါက အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေးအတွက် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများကို ဖိတ်ခေါ်၍ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးကာ စာရင်းကျွမ်းကျင်သူများအား မွေးထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

**သက်ရှိလောက တည်မြဲဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

## ခရမ်းမြို့နယ် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီမှ စာအုပ်စာစောင်နှင့် ပရိဘောဂပစ္စည်းများ ထပ်ဆင့်ပေးအပ်

**ရန်ကုန် ဇွန် ၃**

ရန်ကုန်တိုင်းဒေကြီး ခရမ်းမြို့နယ် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီမှထပ်ဆင့်၍ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီမှ လှူဒါန်းသော စာအုပ်/စာစောင်များ၊ စာအုပ်တင်သံစင်နှင့် ပလတ်စတစ်ထိုင်ခုံ ပရိဘောဂပစ္စည်းများအား ထပ်ဆင့်ပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီမှ လှူဒါန်းသောစာအုပ်စာစောင်များ၊ စာအုပ်တင်သံစင်နှင့် ပလတ်စတစ်ထိုင်ခုံ ပရိဘောဂပစ္စည်းများ ထပ်ဆင့်ပေးအပ်ပွဲတွင် မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ (ကိုယ်စား)အဖွဲ့ဝင် ဦးမြင့်ဆွေက မှဒိတာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဝေက စာအုပ်စာစောင်များနှင့် ပရိဘောဂပစ္စည်းများ ထပ်ဆင့်ပေးအပ်ပွဲကျင်းပရခြင်းကို ရှင်းလင်းပြောကြားပြီး ရပ်ကွက်၊ ကျေးရွာအတွင်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်မှူးများအနေဖြင့် လက်ရှိဆောင်ရွက်နေသည့် စာကြည့်တိုက်လုပ်ငန်းများ ပိုမိုကောင်းမွန်လာစေရန်၊ စာအုပ်များကို တိုက်ပိုင်မှတ်ပုံတင်စာရင်းရေးသွင်းရန်၊ စာကြည့်တိုက်များတွင် လိုအပ်သည့် စာကြည့်တိုက်ဆိုင်ရာ စာငှားစနစ်များ ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရမည့်အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်မှုကော်မတီမှ စာကြည့်တိုက်တစ်တိုက်လျှင် စာအုပ်တင်သံစင် တစ်စင်၊ ပလတ်စတစ်ထိုင်ခုံရှစ်ခုံနှင့် စာအုပ် ၄၁ အုပ်နှုန်းဖြင့် လှူဒါန်းမှုအား ထပ်ဆင့်ပေးအပ်လှူဒါန်းခဲ့ရာ ခရမ်းမြို့နယ်အတွင်းရှိ ရွှေဘိုစုကျေးရွာ သုခမိန်စာကြည့်တိုက်နှင့် ညောင်ကုန်းကျေးရွာ သုတဂဝေဝေသီစာကြည့်တိုက်တို့မှ စာကြည့်တိုက်မှူးများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**




## ငွေစုငွေချေးသမဝါယမအသင်းလီမိတက် အသင်းသားများအား အမြတ်ငွေပေးအပ်

**ရန်ကုန် ဇွန် ၃**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မြန်မာ့အလင်းသတင်းစာတိုက် ဗဟန်းမြို့နယ် သမဝါယမဦးစီးအသင်းလီမိတက်၏ ၂၀၂၄ –၂၀၂၅ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မြန်မာ့အလင်းသတင်းစာတိုက် (ရန်ကုန်)၌ ကျင်းပသည်။

ဦးစွာ မြန်မာ့အလင်းသတင်းစာတိုက် ငွေစုငွေချေးသမဝါယမအသင်းလီမိတက်ဒုတိယဥက္ကဋ္ဌ မန်နေဂျာဦးဇော်မင်းက အမှာစကားပြောကြားသည်။

ထို့နောက် ဒါရိုက်တာအဖွဲ့အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို စာရင်းစစ် ဦးစိုးထူးက ဖတ်ကြားပြီး ဗဟန်းမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိဒေါ်သင်းသင်းအေးက ငွေစုငွေချေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် စုဆောင်းငွေပေါ် အတိုးနှင့်အမြတ်ငွေကျပ် ၆၇၂၀၀၀၀ ကို အသင်းသား ၁၀၀ အား ခွဲဝေပေးအပ်ခဲ့ကြောင်းသိရသည်။ **အာကာစိုး**



# စားရေရိက္ခာဖြန့်ဖြူးပေးရေးစင်တာအနီး အစ္စရေး၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ၂၇ ဦး သေဆုံးပြီး ၉၀ ကျော် ထိခိုက်ဒဏ်ရာရ

**ဂါဇာ ဇွန် ၃**

စားရေရိက္ခာဖြန့်ဖြူးပေးရေး စင်တာတစ်ခုအနီးတွင် အစ္စရေး၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ၂၇ ဦး သေဆုံးပြီး ၉၀ ကျော် ထိခိုက်ဒဏ်ရာရရှိကြောင်း ဂါဇာကမ်းမြောင်ရှိဒေသကျန်းမာရေးအာဏာပိုင်များက ဇွန် ၃ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အမေရိကန်ကျောထောက်နောက်ခံပြုထားသည့် ဂါဇာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဖောင်ဒေးရှင်းသည် ပြီးခဲ့သည့်သီတင်းပတ်မှစတင်ကာ စားရေရိက္ခာများ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။ အစ္စရေးကာကွယ်ရေးတပ်မတော် (အိုင်ဒီအက်ဖ်) က အစားအသောက်ဖြန့်ဖြူးပေးရေး နေရာဝန်းကျင်တွင် ၎င်းတို့တပ်ဖွဲ့ဝင်များထံ ဦးတည်ရွေ့လျားလာနေသည့် သံသယရှိသူအများအပြား တွေ့ရှိခဲ့ကြောင်း ပြောသည်။

ထို့နောက်တွင် တပ်ဖွဲ့ဝင်များက သတိပေးခြောက်လှန့်ပစ်ခတ်မှုများ လုပ်ဆောင်ခဲ့ကြောင်း၊ သံသယရှိသူများမှာ နောက်ပြန်ဆုတ်ခြင်း မရှိသည့်အတွက် နောက်ထပ်ပစ်ခတ်မှုများ လုပ်ဆောင်ခဲ့ရခြင်းဖြစ်ကြောင်း အိုင်ဒီအက်ဖ်က ဆက်ပြောသည်။

ဇွန် ၃ ရက်က ဂါဇာကမ်းမြောင်တောင်ပိုင်း ခန်းယူနစ်မြို့ နာဆာဆေးရုံ၌ ရိုက်ယူထားသောရုပ်သံဖိုင်တွင် ထိခိုက်ဒဏ်ရာရရှိသူ ကလေးငယ်များနှင့် ရုပ်အလောင်းများကို ဆေးရုံသို့ သယ်ဆောင်လာကြောင်းကို တွေ့ရသည်။

**အင်န်အိတ်ချ်ကေ**




ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဆေးရုံသို့ရောက်ရှိလာသည့် လူနာတစ်ဦးကို တွေ့ရစဉ်။




# နီပေါနိုင်ငံသို့ မေလတွင် နိုင်ငံတကာခရီးသွားဝင်ရောက်မှု ကျဆင်း

**ခတ္တမန္ဒူ ဇွန် ၃**

နီပေါနိုင်ငံသို့မေလတွင် နိုင်ငံတကာခရီးသွားဝင်ရောက်မှု စုစုပေါင်း ၈၆၂၁၆ ဦးရှိခဲ့ပြီး ယမန်နှစ်ကထက် ၄ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း နီပေါခရီးသွားလုပ်ငန်းဘုတ်အဖွဲ့က ဇွန် ၂ ရက်တွင် ပြောသည်။

နီပေါနိုင်ငံသို့ တရုတ်နှင့် အမေရိကန်နိုင်ငံတို့မှ ခရီးသွားများဝင်ရောက်မှု မြင့်တက်မှုရှိခဲ့သော်လည်း အိန္ဒိယနိုင်ငံမှ ခရီးသွားဝင်ရောက်မှု သိသိသာသာ ကျဆင်းခဲ့သည်ဟု ဆိုသည်။ နီပေါနိုင်ငံသို့ လာရောက်လည်ပတ်သည့် အိန္ဒိယခရီးသွားအရေအတွက်မှာ ၂၀၂၄ ခုနှစ် မေလက ၃၈၂၈၈ ဦးရှိခဲ့သော်လည်း ယခုနှစ်မေလတွင် ၂၈၁၆၀ သာ ရှိခဲ့ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ မေလအထိ နီပေါနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံတကာခရီးသွားအရေအတွက် စုစုပေါင်း ၅၀၁၂၆၄ ဦး ရှိကြောင်း နီပေါခရီးသွားလုပ်ငန်းဘုတ်အဖွဲ့က ပြောသည်။

**ဆင်ဟွာ**

# စင်ကာပူက ဖန်လုံအိမ် သဘာဝဓာတ်ငွေ့ထုတ်လွှတ်မှု လုံးဝကင်းစင်ရေး ရည်မှန်းလုပ်ဆောင်

**စင်ကာပူ ဇွန် ၃**

စင်ကာပူနိုင်ငံသည် ဖန်လုံအိမ် သဘာဝဓာတ်ငွေ့ထုတ်လွှတ်မှု လုံးဝကင်းစင်ရေးကြိုးပမ်းအားထုတ်မှုများကို အရှိန်မြှင့်တင်လျက်ရှိသည်။ ရည်မှန်းချက်ပြည့်မီရေးအတွက် အာရှ၊ တောင်အမေရိကနှင့် အာဖရိကနိုင်ငံများနှင့် လက်တွဲလုပ်ဆောင်လျက်ရှိသည်။

စင်ကာပူနိုင်ငံသည် ပါရာဂွေးနှင့် ကာဗွန်ခရက်ဒစ်ဆိုင်ရာ သဘောတူညီမှုတစ်ခုကို လွန်ခဲ့သောလက လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါသဘောတူညီချက်သည် စင်ကာပူကဲ့သို့သော ကျွန်းနိုင်ငံအတွက် ဘူတန်၊ ပီရူးနှင့် ရဝမ်ဒါကဲ့သို့သော မိတ်ဖက်နိုင်ငံများနှင့် သဘောတူပြီးနောက် ထပ်မံရရှိလာသည့် ခုနစ်ခုမြောက် သဘောတူညီမှုဖြစ်သည်။

ခရက်ဒစ်များသည် ကမ္ဘာလုံးဆိုင်ရာ ကာဗွန်လျှော့ချရေးကြိုးပမ်းမှုများအတွက် ရောင်းဝယ်နိုင်သော ပစ္စည်းကိရိယာများဖြစ်သည်။

အဆိုပါနိုင်ငံများသည် ကာဗွန်လျှော့ချရေး ရည်မှန်းချက်ကို အောင်မြင်စွာ လုပ်ဆောင်ခဲ့ပါက စင်ကာပူနိုင်ငံသည် ခရက်ဒစ်ဝေစုများ ရရှိမည်ဖြစ်သည်။

စင်ကာပူနိုင်ငံသည် ၂၀၅၀ ပြည့်နှစ်မတိုင်မီ ၎င်း၏ ဖန်လုံအိမ် သဘာဝဓာတ်ငွေ့ ထုတ်လွှတ်မှု လုံးဝကင်းစင်ရေး ရည်မှန်းချက်ပြည့်မီအောင် အကောင်အထည်ဖော်ရန် ရည်မှန်းထားသည်။ သို့သော်လည်း နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားတပ်ဆင်ခြင်းနှင့် လေအားလျှပ်စစ်တာဘိုင်ကဲ့သို့သော သဘာဝစွမ်းအင်များအတွက် နေရာကန့်သတ်ချက်ရှိနေသည်။

စင်ကာပူနိုင်ငံသည် အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ကာဗွန်သတ်မှတ်ချက်ကို ရည်မှန်းချက်အတိုင်း လျှော့ချနိုင်ပြီး သဘာဝနှင့်သက်ဆိုင်သော စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်နိုင်ရန် မျှော်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**



# တူကီယဲနိုင်ငံ၌ ပြင်းအား ၅ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ် လူနေအဆောက်အအုံများ ထိခိုက်ပျက်စီးမှု မရှိ

**အန်ကာရာ ဇွန် ၃**

တူကီယဲနိုင်ငံ အနောက်တောင်ပိုင်း မူဂလာပြည်နယ် မာမာရစ်ကမ်းလွန်ပင်လယ်ပြင်တွင် ဇွန် ၃ ရက် နံနက်ပိုင်းက ပြင်းအား ၅ ဒသမ ၈ အဆင့်ရှိငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး ၆၉ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အစိုးရအဖွဲ့ ဝန်ကြီးတစ်ဦးက ပြောသည်။

ကနဦးတွေ့ရှိချက်များရ ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှု မရှိကြောင်း သိရသည်။ အဆိုပါငလျင်မှာ မာမာရစ်ကမ်းရိုးတန်းနှင့် ၁၀ ကီလိုမီတာခန့်အကွာ မြေအောက်အနက် ၆၈ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့သည်။

အဆောက်အအုံများ ကြီးကြီးမားမားထိခိုက်ပျက်စီးမှု မရှိဟု ဆိုသော်လည်း လူပေါင်းများစွာ ထိတ်လန့်တုန်လှုပ်မှုဖြစ်ပွားကာ အဆောက်အအုံများပေါ်မှ ခုန်ချခြင်း သို့မဟုတ် ပြေးထွက်ခြင်းတို့ ပြုလုပ်ခဲ့ကြသည်ဟု ဆိုသည်။ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအနက် ရှစ်ဦးကို ပြင်ပလူနာအဖြစ် ဆေးဝါးကုသမှုပေးခဲ့ပြီး ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ကြောင်း၊ ၄၆ ဦးကို အရေးပေါ်ဌာနတွင် စစ်ဆေးကုသမှုများ ပေးလျက်ရှိကြောင်း ဝန်ကြီးဌာနက ပြောသည်။

တူကီယဲနိုင်ငံသည် အဓိက ပြတ်ရွေ့ကြောများပေါ်တွင် တည်ရှိသောကြောင့် ငလျင်လှုပ်ခတ်မှု မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# တောင်ကိုရီးယားမဲဆန္ဒရှင်များ သမ္မတသစ်ရွေးချယ်ရန် မဲပေး

**ဆိုးလ် ဇွန် ၃**

တောင်ကိုရီးယား မဲဆန္ဒရှင်များသည် သမ္မတသစ်ကို မဲပေးရွေးချယ်ရန် ဇွန် ၃ ရက်က မဲရုံများသို့ မဲများသွားပေးခဲ့ကြသည်။

မဲပေးခြင်းကို နံနက် ၆ နာရီတွင် စတင်ခဲ့ပြီး နိုင်ငံတစ်ဝန်း မဲရုံပေါင်း ၁၄၀၀၀ ရုံတွင် မဲဆန္ဒရှင်များ မဲပေးခဲ့ကြသည်။

ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်း နှစ်ဦးကြား အားကောင်းသော ပြိုင်ဆိုင်မှုအဖြစ် ကျယ်ပြန့်စွာ ရှုမြင်ကြသည်။ လီဂျေမြောင်သည် အကြီးဆုံးအတိုက်အခံ ဒီမိုကရက်တစ်ပါတီကို ကိုယ်စားပြုသည်။ ကင်မွန်ဆူးသည် ကွန်ဆာဗေးတစ် အာဏာရ ပြည်သူ့စွမ်းအားပါတီဖြင့် ယှဉ်ပြိုင်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**



# မွန်ဂိုလီးယားနိုင်ငံ၌ ဝက်သက်ရောဂါဖြစ်ပွားသူပေါင်း ၅၀၀၀ ကျော်လာ

**အူလန်ဘာတာ ဇွန် ၃**

မွန်ဂိုလီးယားနိုင်ငံ၌ ဝက်သက်ရောဂါ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၅၉ ဦးရှိသည့်အတွက် နိုင်ငံတစ်ဝန်း ရောဂါကူးစက်ဖြစ်ပွားသူပေါင်း ၅၀၇၅ ဦးရှိလာကြောင်း ကူးစက်ရောဂါဆိုင်ရာ အမျိုးသားဌာန (အင်န်စီစီဒီ) က ဇွန် ၃ ရက်တွင် ပြောသည်။

ဝက်သက်ရောဂါ ဖြစ်ပွားသူလူနာ ၁၈၆ ဦးမှာပြန်လည်သက်သာကောင်းမွန်လာပြီ ဖြစ်သောကြောင့် ပြန်လည်သက်သာလာသူ စုစုပေါင်း ၃၃၃၃ ဦး ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

# မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်အစည်းအဝေး (၂/၂၀၂၅) ကျင်းပ

**ရန်ကုန် ဇွန် ၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) အလုပ်အမှုဆောင်အစည်းအဝေး (၂/၂၀၂၅) ကို ဇွန် ၃ ရက်က နိုဗိုတယ် ရန်ကုန်မက်စ်ဟိုတယ်၌ ကျင်းပရာ MFF ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ တက်ရောက်သည်။

အစည်းအဝေးတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်း အတွင်းဝန် ဦးကျော်ဆန်းနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာ မစ္စတာမိတ(ဂျပန်) တို့က (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစား (ဆီးဂိမ်း) ပြိုင်ပွဲဝင် မြန်မာယူ - ၂၂ အသင်း၊ အမျိုးသမီး လက်ရွေးစင်အသင်း၊ အမျိုးသားနှင့် အမျိုးသမီးဖူဆယ် လက်ရွေးစင်အသင်းများ အောင်မြင်ရေးကြိုတင်ပြင်ဆင်မှုများ၊ မြန်မာ့လက်ရွေးစင်အမျိုးသား၊ အမျိုးသမီး၊ လူငယ်သက်တမ်းအလိုက် အသင်းများနှင့် ဖူဆယ်အသင်းများ အာရှအာဆီယံ ပြိုင်ပွဲများအတွက် ရည်မှန်းချက်များနှင့် ပြင်ဆင်မှုများကို သုံးသပ်ဆွေးနွေးကြသည်။ ဆီးဂိမ်းနှင့် နိုင်ငံတကာပွဲများ ရုပ်သံပြသရေး၊ Media and Communications, Marketing ဆိုင်ရာများအတွက် ဒေါက်တာထက်ခိုင်ဝင်းက အကြံပြုတင်ပြချက်များဖြင့် ဆွေးနွေးခဲ့သည်။

ထို့ပြင် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး) ပြန်လည်တည်ဆောက်ရေးနှင့် ၂၀၂၅/၂၆ ပညာသင်နှစ် သင်ကြားရေးကိစ္စများ၊ မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် အခြေခံဖြစ်သည့် ကစားကွင်းနှင့် အဆောက်အဦများ၊ အကယ်ဒမီများ၊ အဆင့်မြင့် လေ့ကျင့်ရေးစင်တာများ ပိုမိုတည်ဆောက် ဖွင့်လှစ်နိုင်ရေးတို့ကိုလည်း တက်ရောက်လာသည့် အမှုဆောင်များက ဆွေးနွေးသည်။ ယင်းနောက် လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမိုးနှင့် တက်ရောက်လာသူများက FIFA Football For Schools အစီအစဉ်ဖြင့် အခြေခံပညာ ကျောင်းများအား ဘောလုံးနှင့် နည်းစနစ်များ ဖြန့်ဝေခြင်း၊ ပို့ချ



ပေးခြင်းဆိုင်ရာများကို ဆွေးနွေးခဲ့သည်။ ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဘဏ္ဍာရေး ရှင်းတမ်းများနှင့် အများပြည်သူ သိရှိနိုင်ရေး တင်ဆက်ထားမှု၊ ၂၀၂၅ ခုနှစ် ဘဏ္ဍာရေး လျာထားမှုနှင့် ရှင်းတမ်းများ၊ နည်းစနစ်၊ ပြိုင်ပွဲ၊ နိုင်ငံတကာပွဲများ အိမ်ရှင်အဖြစ် လက်ခံကျင်းပမှု အစရှိသည့် ကဏ္ဍအသီးသီးအား သက်ဆိုင်ရာ ကော်မတီများက ဆွေးနွေးကြသည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

# ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်းဈေးကားများဖြင့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် ဇွန် ၃**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့်ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ၂၀၂၅ ခုနှစ် မတ် ၃၀ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ဇွန် ၃ ရက်တွင် ၆၄ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိ ရသည်။



၂၀၂၅ ခုနှစ် ဇွန် ၃ ရက်တွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန်ခြောက်ပြည်ပါ(မနောသုခ-Export Quality) ၃၂ အိတ်၊ ဆန်ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၁၈ အိတ်၊ ဆီပိဿာ ၁၄၇၀၊ ဆား ၁၀ ပိဿာ ၇၅ ကျပ်သား၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၃၁ ထုပ်၊ ငါးပိနှစ်ပိဿာ ၄၀ ကျပ်သား၊ ငါးတံခွန် ၁၀ ကျပ်သားပါ ၁၈ ထုပ်၊ ငါးပုတ်သင် ၁၀ ကျပ်သားပါ ၁၄ ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ ၁၉ ထုပ်၊ အာပွဲခြောက် ၁၀ ကျပ်သားပါ ၁၆ ထုပ်၊ ငါးရောင်ခြောက် ၁၀ ကျပ်သားပါ ၁၂ ထုပ်၊ ကြက်ဥအလုံး ၁၉၀၊ ဘဲဥအလုံး ၄၀ ၊ ခေါက်ဆွဲခြောက် ၁၀ ထုပ်တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့အပြင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် ၂၀၂၅ ခုနှစ် ဇွန် ၃ ရက်တွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ အမဲသား (အသား)ပိဿာ ၁၈၀၊ အမဲသား(အရိုးအသား) ပိဿာ ၁၅၀ တို့ကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်းနှင့် အပတ်စဉ်အင်္ဂါနေ့တိုင်း သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

အလားတူ ၂၀၂၅ ခုနှစ် ဇွန် ၃ ရက်တွင် စစ်ကိုင်းမြို့အတွင်း ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း)သုံးအိတ်၊ စားအုန်းဆီ ၇၅ ပိဿာ၊ ဆား လေးပိဿာ၊ ကုလားပဲ ၁၀ ဘူး၊ ငါးပိ နှစ်ပိဿာ၊ ငါးနီတူခြောက် တစ်ပိဿာ၊ ပုစွန်ခြောက် ၁၀ ကျပ်သားပါ သုံးထုပ်၊ ကြက်ဥ ၇၅ လုံး၊ ဘဲဥအလုံး ၂၀၊ ကြက်သွန်နီ ရှစ်ပိဿာနှင့် အသားတု နှစ်ပိဿာတို့ကို သက်သာ သောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့၌ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၁၆ အိတ်၊ စားအုန်းဆီ ၂၂၀၀ ပိဿာ၊ ဆားခုနစ်ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ခြောက်ထုပ်၊ ငါးပိ ၅၀ ကျပ်သား၊ ငါးနီတူခြောက် ၁၀ ကျပ်သား ခြောက်ထုပ်၊ အာပွဲခြောက် ၁၀ ကျပ်သား ခုနစ်ထုပ်၊ ကြက်ဥအလုံး ၁၈၇၀၊ ဘဲဥအလုံး ၆၈၀ နှင့် ခေါက်ဆွဲခြောက် ၃၈ ထုပ်တို့ကို သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့ပြီး နေ့စဉ် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့
ဇွန်လ(၅)ရက်

MONREC
WORLD ENVIRONMENT DAY
UN environment programme



" ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေး"
"Ending Plastic Pollution Globally"

# လှိုင်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းချိတ်ဆွဲ

**ရန်ကုန် ဇွန် ၃**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရသောဆိုင်များတွင် အခွန်ဆိုင်ရာ အသိပေးကြေညာချက်နှင့် ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပေးကြေညာချက်ဗီနိုင်း ချိတ်ဆွဲခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် လှိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိုးနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်ထွန်းနိုင် ဦးဆောင်၍ မြို့နယ်အတွင်းရှိ ဦးစီးဌာနများပူးပေါင်း၍ လှိုင်မြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချသောဆိုင်များတွင် "နိုင်ငံကြီးသားပီသစွာဤဆိုင်တွင် အခွန်ဆောင်ပါ"ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး လိုက်လံချိတ်ဆွဲခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင်
ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၆၀၃၁၀၁၂ ဦး ပညာသင်ကြားလျက်ရှိ



နေပြည်တော် ဇွန် ၃

**၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများကို ဇွန် ၂ ရက်မှ စတင်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများက အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိရာ ကျောင်းများ စတင်ဖွင့်လှစ်ပြီး ဒုတိယရက်ဖြစ်သော ယနေ့တွင် ကျောင်းသား ကျောင်းသူစုစုပေါင်း ၆၀၃၁၀၁၂ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံချိန်တွင် သင်ရိုးညွှန်းတမ်းစာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများကို အခမဲ့ထုတ်ပေးပြီး KG နှင့် မူလတန်းကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများလည်း အခမဲ့ပေးအပ်လျက်ရှိသည်။ ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နောက်ကျစာသင်ခန်းများတွင် စာသင်ခုံများ ကြိုတင်နေရာချထားပေးခြင်း၊ ကျောင်းကြို/ပို့ ယာဉ်များ စီစဉ်ပေးခြင်း၊ ကျောင်းများ သန့်ရှင်းသာယာလှပရေးနှင့် ကျောင်းဥပမိရုပ်ကောင်းမွန်စေရေးတို့အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ နိုင်ငံအဝန်းရှိ အခြေခံပညာကျောင်းများ၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏







ဆရာမ



ကျောင်းသား




နေသည့် ကျောင်းသား ကျောင်းသူများကိုလည်း ဆက်လက် ကျောင်းအပ်လက်ခံပေးလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ အခြေခံပညာကျောင်းများ စနစ်တကျဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ကျောင်းသင်ခန်းစာများ သင်ကြား/သင်ယူနေမှုတို့ကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုသည်။

**ဆရာမ**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှာတော့ ကျွန်မတို့ကျောင်းမှာ ကျောင်းသားဦးရေ ၁၅၂၀ တက်ရောက်နေပါတယ်။ မနှစ်ကကျောင်းသားဦးရေကို ပြည့်မီဖို့တော့ ၁၀၀ကျော် လိုပါသေးတယ်။ ဒီဇွန်လကုန်မှာတော့ ယခင်နှစ်က ကျောင်းသားဦးရေအတိုင်း ပြည့်မီမယ်လို့ ခန့်မှန်းထားရှိပါတယ်။ ဘာသာရပ်ခွဲဝေမှုအနေနဲ့ကတော့ ကျွန်မတို့က တစ်နေ့ကို စာသင်ချိန်ရှစ်ချိန်နဲ့ တစ်ပတ်ကိုစာသင်ချိန် အချိန်ပေါင်း ၄၀ နဲ့ သင်ကြားပို့ချပေးပါတယ်။ အလယ်တန်းအဆင့်ကျောင်းသား ကျောင်းသူတွေမှာတော့ တစ်ပတ်တစ်ကြိမ် စာဖတ်ချိန်ဆိုပြီးတော့ ကျောင်းသားလူငယ်တွေရဲ့ အသိပညာမြင့်မားဖို့အတွက် စာကြည့်တိုက်မှာ စာဖတ်ချိန်အဖြစ် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ အထက်တန်းအဆင့်မှာတော့ ကျွန်မတို့က ကျောင်းသားလူငယ်တွေဟာ အရင်တုန်းက စနစ်ဟောင်းပညာရေးမှာကျတော့ ကျွန်မတို့က ဆယ်တန်းကို အသက် ၁၆ နှစ်မှာ အောင်မြင်ပါတယ်။ အခု စနစ်သစ်ပညာရေးသည် အသက်၁၈နှစ်မှာ Grade-12 ကို အောင်မြင်မှာဖြစ်တဲ့အတွက် အသက် ၁၈ နှစ်ဖြစ်တဲ့ ဒီကျောင်းသားလူငယ်တွေဟာ ကျောင်းသားတွေရဲ့ အခွင့်အရေး၊ နိုင်ငံသားတိုင်းရဲ့ အခွင့်အရေးဟာ မဲပေးပိုင်ခွင့်ဆန္ဒရှိတဲ့ ကျောင်းသားလူငယ်တွေ အခြေခံပညာရေးကဏ္ဍမှာ ပါဝင်လာပါတယ်။ ဒါကြောင့် ကျွန်မတို့က ကျောင်းသားလူငယ်တွေကို သူတို့ရဲ့ အခွင့်အရေးတွေ၊ နိုင်ငံသားတိုင်းရဲ့ အခွင့်အရေးတွေ၊ ဥပဒေအကြောင်းအရာတွေကိုသိဖို့အတွက် တစ်ပတ်စာသင်ချိန် တစ်ချိန်ကို ဥပဒေရေးရာချိန်အဖြစ် ထည့်သွင်းသင်ကြားပေးလျက် ရှိပါတယ်။ ဥပဒေရေးရာအချိန်မှာတော့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်းတွေကို သင်ကြားပေးပါတယ်။ နောက်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ နိုင်ငံသားတိုင်းလိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေအားလုံးကို သင်ကြားပေးနေပါတယ်ရှင်။

**ကျောင်းသား**

လွန်ခဲ့တဲ့လက ဖြစ်ပွားသွားတဲ့ ငလျင်ဘေးမှာ ကျွန်တော့်ရဲ့ သူငယ်ချင်းတွေအားလုံး ဘာမှ ထိခိုက်မှုမရှိဘဲ ပျော်ပျော်ရွှင်ရွှင် အတူတူကျောင်းတက်ရတော့ ပျော်ပါတယ်။ လာမယ့် Grade-12 မှာ ခြောက်ဘာသာဂုဏ်ထူးရပြီး အမှတ်မီအောင် ကြိုးစားရမယ်။ ကျွန်တော် Grade-12 ပြီးသွားရင် Aerospace Engineering ဝင်ပြီးတော့ Spacecraft တွေ တည်ဆောက်ဖို့ ရည်မှန်းထားပါတယ်။



**သတင်းစဉ်**

## ကျောင်းမှန်မှန်တက်ကြမယ်

* ဥယျာဉ်မှူး ဥယျာဉ်မှူး
ပန်းစိုက်ပျိုးတဲ့ ဥယျာဉ်မှူး။

* ကိုင်းဆက်ကိုင်းကူး ကျွမ်းကျွမ်းကျင်
ပန်းမျိုးစုံစုံလင်၊
မြေဆွပေါင်းသင် ရေလည်းလောင်း
ပန်းများပွင့်စေကြောင်း။

* လေသန့်လေကောင်း ရှူဖို့ဆို
ဥယျာဉ်ရိပ်မှာခို၊
အပြုံးချိုချို စိတ်ခွန်အား
ပန်းများမွေးစေသား။

* စံမူရှေ့ထား ရိုးဂုဏ်ဖော်
စဉ်မြဲလှုံ့နှိုးဆော်၊
ဥယျာဉ်မှူးနော် ပမာနှော
ဆရာ ဤသဘော။

* ပညာမက်မော ရွယ်ရည်သန်
ပညာပန်းကိုပန်၊
ဆရာမြတ်ထံ ချဉ်းကပ်လို့
စာသင်ကြပါစို့။

* ပညာရည်နို့ သောက်ကြမယ်
မှန်မှန်ကျောင်းတက်ကွယ်
ခုချိန်လူငယ်ကျောင်းသားများ
ဘက်စုံတော်စေသား။ ။

ဖိုလေးလုံးသောင်းကိုကို

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန် စာမူဆု၊ ဝတ္ထုရှည် ပထမဆုရရှိသည့် စာရေးသူ ညိမ်းညို၏ 'စာမျက်နှာတချို့' စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် မြန်မာနိုင်ငံ၏ နယ်စပ်၊ နယ်နိမိတ်တစ်နေရာ၊ သံလွင်မြစ်ကမ်းနံဘေး တောင်ကြောလေးပေါ်ရှိ စခန်းတစ်ခုတွင် တပ်စွဲထားသော တပ်ခွဲတစ်ခွဲမှ တပ်မတော်သားများ၏ ဘဝဖြစ်တည်လှုပ်ရှားမှုတို့ဖြင့် ဝတ္ထုကို သီကုံးရေးဖွဲ့ထားသည်။ စစ်ဝတ္ထုဖြစ်သည်နှင့်အညီ ဗိုလ်မှူး၊ ဗိုလ်ကြီး၊ ဗိုလ်လေး၊ အကြပ် စစ်သည်တို့၏ ခံယူချက်များ၊ တာဝန်ဝတ္တရားများ၊ လုပ်ဆောင်ချက်များကို ပိုင်ပိုင်နိုင်နိုင် စေ့စေ့စပ်စပ် သရုပ်ဖော်ထားရာ ကွန်မန်ဒို ဗိုလ်မှူးကွန်းဇော်၏ ဇာတ်ရုပ်က အပီပြင်ဆုံး အထူးခြားဆုံးနှင့် ရုပ်လုံးအကြွဆုံးဖြစ်သည်။ အရေးကြီးသော စစ်ရေးတစ်ခုတွင် ကွန်မန်ဒိုတပ်သားများ၏ ဖွဲ့နပဲရှိမှု၊ ပါးရည်နပ်ရည်ရှိမှု၊ အမိန့်နာခံတတ်မှုများနှင့် ဗိုလ်မှူးကွန်းဇော်၏ ထူးခြားထက်မြက်သော လက်ရုံးရည်၊ နှလုံးရည်၊ သတ္တိ၊ ဗျူဟာနှင့် စစ်ပရိယာယ်ကြွယ်ဝမှုတို့ကို ရင်တဖိုဖို ဖတ်ရှုရသည်။ စစ်ရေး၊ အုပ်ချုပ်ရေးတွင်သာမက လက်အောက်ငယ်သားများအပေါ် အသေးအဖွဲကိစ္စလေးမှအစ အလေးဂရုပြု စောင်မကြည့်ရှုတတ်သော သူ၏ ခေါင်းဆောင်ကောင်းပီသပုံ အရေးအဖွဲ့ကလည်း သဘောကျနှစ်ခြိုက်စရာ ကောင်းလှသည်။ ထို့ကြောင့်လည်း ဝတ္ထုကို လက်မှမချချင်အောင် ဆွဲဆောင်ခေါ်ငင်သွားနိုင်သော စာအုပ်တစ်အုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ၃၅၀၀ ကျပ်ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပခုက္ကူစာပေဆုရ စာအုပ်ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပခုက္ကူစာပေဆု၊ သုတေသနစာပေ၊ ပထမဆုရရှိသည့် စာရေးသူ မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)၏ "သရေခေတ္တရာ ပျူတို့၏ ရွှေထည်ငွေထည် ယဉ်ကျေးမှုအနုလက်ရာများ"စာအုပ်ကို ဖြန့်ချိ ရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် သရေခေတ္တရာမြို့ဟောင်း၏ နောက်ခံသမိုင်းနှင့် တူးဖော်တွေ့ရှိချက်များ တူးဖော်ခဲ့သော ကုန်းများမှ ရွှေထည်၊ ငွေထည်များ၊ သရေခေတ္တရာမြို့ဟောင်း၊ သီရိခေတ္တရာပြတိုက်ရှိ အဆောင်များတွင် ခင်းကျင်းပြသထားသော ရွှေထည်ပစ္စည်းမျိုးစုံ၊ ငွေထည်ပစ္စည်းမျိုးစုံ၊ ပျူဒင်္ဂါးများအပါအဝင် အကိုးအကား အထောက်အထားဓာတ်ပုံများဖြင့် အခန်း ၁၂ ခန်းခွဲကာ အသေးစိတ်ရေးသားတင်ပြထားရာ နိုင်ငံနှင့်လူမျိုးအတွက်သာမက မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုအတွက်ပါ လွန်စွာတန်ဖိုးရှိလှသည်။ စာအုပ်ပါအကြောင်းအရာများမှာ လက်တွေ့လေ့လာ သုတေသနပြုကာ ရေးသားထားခြင်းဖြစ်သဖြင့် စာဖတ်သူများ ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ၄၀၀၀ ကျပ်ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉- ၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပခုက္ကူစာပေ(ကျမ်းစာပေ)ဆုရ စာအုပ်ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပခုက္ကူစာပေဆု၊ ကျမ်းစာပေပထမဆုရရှိသည့် စာရေးဆရာကိုတိုး (ရန်ကင်း) ၏ "ကုန်းဘောင်ခေတ်စာဆို လက်ဝဲသုန္ဒရ၏ ဘဝနှင့် စာပေ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကုန်းဘောင်ခေတ် စာဆိုလက်ဝဲသုန္ဒရနှင့် ပတ်သက်၍ လက်ဝဲသုန္ဒရနှစ်ဦး ရောထွေးနေရာ မုံရွေးလက်ဝဲသုန္ဒရ ဦးနေခေါ် ဦးမြတ်သာနေနှင့် လူသိများ ကျော်ကြားနေသော မန်ကျည်းတုံ လက်ဝဲသုန္ဒရ၊ မန်ကျည်းတုံဇာတိ ဦးမြတ်စံဟူ၍ နှစ်ဦးရှိကြောင်း၊ ဦးမြတ်စံ၏ စာပေအဆင့်အတန်းမှာ ဦးနေ၏ စာပေအဆင့်အတန်းထက် လွန်စွာမြင့်မားကြောင်း၊ လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံသည် အလောင်းမင်းတရားကြီး၊ နောင်တော်ကြီးမင်း၊ ဆင်ဖြူရှင်မင်း၊ စဉ့်ကူးမင်းနှင့် ဘိုးတော်ဘုရားလက်ထက်အထိ မင်းငါးဆက်တိုင် အမှုတော်ထမ်းရွက်ခဲ့ကြောင်း၊ အကောင်းအဆိုး လောကဓံအမျိုးမျိုးကို ကြုံတွေ့ရန်းကန်ခဲ့ရပြီး အသက် ၇၀ ကျော်အရွယ်တွင် မင်းကွန်းဘက်၌ ကွယ်လွန်ခဲ့ကြောင်း၊ ကဗျာ၊ လင်္ကာ၊ ပျို့၊ ကျမ်း၊ ရတု စာပေ အမျိုးအစားပေါင်း ၁၁ မျိုး ရေးသားခဲ့ကြောင်း၊ သမိုင်းအထောက်အထား၊ အကိုးအကားပြည့်စုံစွာဖြင့် ပြုစုရေးသားထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ၃၀၀၀ ကျပ်ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင်(ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တွံတေး၌ စက်ချုပ်နည်းပညာသင်တန်းဖွင့်

**တွံတေး ဇွန် ၃**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးနိုင်ရေးနှင့်ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းအစီအစဉ်ဖြင့် စက်ချုပ်နည်းပညာသင်တန်းကို ယနေ့ နံနက် ၁၀ နာရီက ကျွန်းတောရပ်ကွက် ဆွမ်းလောင်းဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်နွယ်က အမှာစကား ပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်မှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဇင်အေးက စက်ချုပ်ပညာသင်တန်းဖွင့်လှစ်ပေးခြင်းရည်ရွယ်ချက်ကို ရှင်းလင်း၍ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရွှေစင်ဦးက သင်တန်းသူတစ်ဦးအား သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၁၅ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ရက် ၃၀ ကြာ စာတွေ့လက်တွေ့ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**



## ပြည်မြို့၌ အခြေခံပညာကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု ကြည့်ရှုအားပေး

ပြည် ဇွန် ၃

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့မွန်းလွဲပိုင်းက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြား၊ သင်ယူနေမှုကို ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်၊ ပြည်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦး၊ ပြည်မြို့နယ် ပညာရေးမှူး ဒေါ်နော်အေးမေနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ပြည်မြို့နယ်၌ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများအပါအဝင် အခြေခံပညာကျောင်းပေါင်း ၂၁၉ ကျောင်းရှိပြီး အဆိုပါကျောင်းများ၌ ဇွန် ၃ ရက်အထိ အခြေခံပညာထက်/လယ်/မူ ကျောင်းသား ကျောင်းသူစုစုပေါင်း ၃၅၁၉၈ ဦး ကျောင်းအပ်နှံပြီးဖြစ်ကာ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအပ်လက်ခံခြင်းလုပ်ငန်းကို နေ့စဉ်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှသိရသည်။ **ကိုဆက်(ပြန်/ဆက်)**



■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❍ ❍ ❍

# မိုးရာသီကာလတွင် အဖြစ်များနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း သိကောင်းစရာ

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန



**မိုးရာသီကာလတွင် အဖြစ်များနိုင်သည့်
ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ
အကြောင်းသိကောင်းစရာ**

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည်

ဝမ်းရောဂါဖြစ်ပွားစေသော ပိုးများပါရှိသည့်



မသန့်ရှင်းသောရေနှင့် အစားအစာများ စားသောက်မိရာမှ တဆင့် ကူးစက်ဖြစ်ပွားစေပါသည်။

**ရာသီမရွေး ဖြစ်ပွားလေ့ရှိပြီး** အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များသည်။

## ရောဂါပိုးကူးစက်ပုံ

**ရောဂါပိုးပါဝင်သည့်** ဝမ်းအညစ်အကြေးများတွင် ရှိနေသော ရောဂါပိုးများသည်

⇒ ယင်ကောင် မှတစ်ဆင့်လည်းကောင်း
⇒ မသန့်ရှင်းသောလက် စသည်တို့မှလည်းကောင်း
⇒ အစားအစာ၊ သောက်သုံးရေများအတွင်းသို့ ရောက်ရှိခြင်း (သို့မဟုတ်) တိုက်ရိုက်ဝင်ရောက်ခြင်း (ဥပမာ - မိလ္လာပိုက် ပေါက်ခြင်း ၊ အညစ်အကြေး မြေဩဇာ အသုံးပြုခြင်း)

တို့မှတစ်ဆင့် စားသောက်မိသူများအား ကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါ ဆက်လက်ကူးစက်စေပါသည်။

## ရောဂါလက္ခဏာများမှာ

- အရည်ဝမ်းများစွာ သွားခြင်း
- ငါးညှီနံ့နံသော ဆန်ဆေးရည်ကဲ့သို့ ဝမ်းသွားခြင်း
- အော့အန်ခြင်း
- နှလုံးခုန်နှုန်းမြန်ခြင်း
- အရေပြား၏ ကျုံ့ဆန့်နိုင်အား လျော့နည်းလာခြင်း
- မျက်တွင်းချိုင့်ဝင်ခြင်း
- ခံတွင်း/လျှာနှင့် နှုတ်ခမ်းများ ခြောက်သွေ့ခြင်း
- ကြွက်တက်ခြင်း
- သတိလစ်ခြင်း

ဝမ်းလျှောရောဂါ ပြင်းထန်သောအခါ ခန္ဓာကိုယ် အတွင်းမှ ရေနှင့် ဓာတ်ဆားများ လျှင်မြန်စွာ ကုန်ခမ်းသွားသောကြောင့် အရည်ခမ်းခြောက်ခြင်းကို ဖြစ်စေသည်။

**ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသည်ဟု သံသယ ရှိလျှင် အချိန်မီကုသမှု မခံယူပါက အသက်ဆုံးရှုံးနိုင်သောကြောင့် နီးစပ်ရာ ကျန်းမာရေးဌာန/ဆေးရုံဆေးခန်းများသို့ သတင်းပေးပို့ပြီး ထိရောက်သောကုသမှု ခံယူပါ။**

## ကြိုတင်ကာကွယ်နိုင်သော နည်းလမ်းများမှာ

- အောက်ပါအခြေအနေများတွင် လက်ကိုစနစ်တကျ စင်ကြယ်စွာဆေးကြောပါ -
  * အစာမစားမီနှင့် အစားအစာ မပြင်ဆင်မီအချိန်တိုင်း
  * အညစ်အကြေးနှင့် မိုက်များကိုင်တွယ်ပြီးချိန်တိုင်း
  * အိမ်သာမှ ဆင်းချိန်တိုင်း



- ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။



- တစ်ကိုယ်ရည်သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
- အစားအစာများကို ကျက်အောင် ချက်ပြီးမှ စားသုံးပါ။



- အစားအစာများကို ယင်မနားအောင် လုံခြုံစွာ ဖုံးအုပ်ထားပါ။



- ခြင်၊ ယင်တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင် သန့်ရှင်းရေးကို အထူးဂရုပြု ဆောင်ရွက်ပါ။



## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်လျှင် ဘယ်လိုလုပ်ရမလဲ?

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ခံစားနေရပါက (သို့) အော့အန်နေပါကလျှင်မြန်စွာ ရေဓာတ်ပြန်ဖြည့်ရန် ဓာတ်ဆားရည် သောက်ပါ။

**ဆေးရုံ ဆေးခန်းသို့** သွားရောက်ရန် ဆောင်ရွက်စဉ် ဓာတ်ဆားရည်ကိုသောက်ပါ။

### ဓာတ်ဆားရည် ဖျော်နည်း

→ ဓာတ်ဆားရည်မဖျော်မီ ရေနှင့် ဆပ်ပြာသုံးပြီး စနစ်တကျ ဆေးကြောပါ။
→ ဓာတ်ဆားထုတ်တွင်ပါဝင်သော အသုံးပြုသက်တမ်း ကုန်ဆုံးရက်ကို စစ်ဆေးပါ။ သက်တမ်းကုန်ဆုံးပါက အသုံးမပြုပါနှင့်။
→ ဓာတ်ဆားထုတ် (ORS) ၁ ထုပ်နှင့် ကျိုချက်ထားသောရေ (သို့) ရေသန့် ၁ လီတာကို သန့်ရှင်းသော ဘူး/ခွက် ထဲသို့ ထည့်၍ဖျော်ပါ။
→ ဖျော်ထားသော ဓာတ်ဆားရည်ကို (၂၄)နာရီအတွင်း ကုန်အောင်သောက်ပါ။ (၂၄)နာရီကျော်ပါက မသောက်သုံးသင့်ပါ။
→ ဓာတ်ဆားဖျော်ရာတွင် သကြား၊ ဆားနှင့် အခြားသော အရည်များ ထပ်မထည့်ရပါ။

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်လျှင် ဘယ်လိုလုပ်ရမလဲ?

အကယ်၍ ဓာတ်ဆားထုတ် (ORS) မရှိခဲ့ပါက အောက်ပါ နည်းအတိုင်း မိမိအိမ်မှာပင် ဆားနှင့် သကြား အသုံးပြုပြီး ဖျော်နိုင်ပါသည်။

### အိမ်တွင်း ဓာတ်ဆားရည် ဖျော်နည်း

→ ဓာတ်ဆားရည်မဖျော်မီ ရေနှင့် ဆပ်ပြာသုံးပြီး စနစ်တကျ ဆေးကြောပါ။
→ ကျိုချက်ထား သောရေ (သို့) ရေသန့် ၁ လီတာနှင့် လက်ဖက်စားဇွန်းဖြင့်
  ⇒ သကြား (၈)ဇွန်း
  ⇒ ဆား (၁) ဇွန်း ထည့်ပြီး ဖျော်ပါ။

**ရောဂါ ပြင်းထန်ပြီး အသက်ဆုံးရှုံးမှုအား ကာကွယ်နိုင်ရန် ကျန်းမာရေးဌာန / ဆေးရုံဆေးခန်းများတွင် အချိန်မီ ဆေးကုသမှု ခံယူပါ။**

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။
(၂၀၂၅ ခုနှစ်၊ မေလ)

# မိတ္ထီလာမြို့နယ်၌ ငွေကျပ် ၁၆၇ သိန်း၊ မှော်ဘီမြို့နယ်၌ ငွေကျပ်သိန်း ၈၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇွန် ၁ ရက် ညနေပိုင်းက မိတ္ထီလာမြို့နယ် ဇောင်ချမ်းကုန်းကျေးရွာ အုပ်စု မကျီးချောက်ကျေးရွာနေ ကျော်ဇေယျ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ကျော်ဇေယျနှင့် အောင်ဇော်ဝင်း(ခ) ကုလားမတို့နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၅၂ သိန်း)၊ ဆေးခြောက်အလေးချိန် ၃ ကီလို (ဆေးခြောက်တစ်ကီလိုလျှင် ငါးသိန်းကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်၁၅ သိန်း) နှင့် ငွေကျပ် ၁၀ သိန်းတို့အား ဖမ်းဆီးရမိသဖြင့် ကျော်ဇေယျ (၃၈)နှစ်နှင့် အောင်ဇော်ဝင်း(ခ)ကုလားမ (၃၉)နှစ်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။


အောင်ဇော်ဝင်း(ခ) ကုလားမနှင့် ကျော်ဇေယျတို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ ဇွန် ၂ ရက် ညနေပိုင်းတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မှော်ဘီမြို့နယ် ဘွတ်ကြီးကျေးရွာအုပ်စု ဘွတ်ကြီးကျေးရွာ ရဲစု (မြောက်ပိုင်း) အောင်မင်္ဂလာလမ်းအတိုင်း လမ်းလျှောက်လာသူ ဝင်းကျော်စိုးအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ်သိန်း ၈၀) ဖမ်းဆီးရမိသဖြင့် ဝင်းကျော်စိုး (၂၅)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# သန်လျင်ဘက်မှ သုံးခွဘက်သို့ မောင်းနှင်လာသောယာဉ် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိကာ မျက်နှာချင်းဆိုင်ဝင်ရောက်တိုက်မိ

**နေပြည်တော် ဇွန် ၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ဇွန် ၁ ရက်တွင် မော်တော်ယာဉ်တစ်စီးက အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောမှ မော်တော်ယာဉ်အား မျက်နှာချင်းဆိုင်ဝင်ရောက်တိုက်မိ၍ အမျိုးသမီးတစ်ဦး သေဆုံးကာ အမျိုးသားလေးဦးနှင့် အမျိုးသမီးနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁ ရက် ည ၈ နာရီ မိနစ် ၂၀ တွင် သုံးခွမြို့နယ် သိုက်တူးကန်ကျေးရွာအနီး ရန်ကုန်-ခရမ်းကားလမ်းပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သုံးခွမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ အဆိုပါလမ်းအတိုင်း သန်လျင်ဘက်မှ သုံးခွဘက်သို့ ခရမ်းမြို့နယ် ကင်မွန်းခြံကျေးရွာနေ ဝေယံဖြိုး(၃၃)နှစ် မောင်းနှင်လာသော MDY-17 CC ... TOYOTA PROBOX ယာဉ်သည် မိုင်တိုင်အမှတ် ၅၆ မိုင် ၁ ဖာလုံနှင့် ၂ ဖာလုံကြား အရောက်၌ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ ဒလမြို့နယ် ရာဇသင်္ကြန်ရပ်ကွက်နေ ဦးသောင်းငွေ မောင်းနှင်သော YGN-41 1E ... RAV-4 ယာဉ်အား ဝင်ရောက်တိုက် မိခဲ့သဖြင့် PROBOX မော်တော်ယာဉ်ပေါ်ပါ မတင်မာခိုင်(၃၀)နှစ်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားပြီး ဝေယံဖြိုးပါ အမျိုးသား လေးဦးနှင့် အမျိုးသမီးနှစ်ဦးတွင် ဒဏ်ရာများရရှိခဲ့သဖြင့် ဝေယံဖြိုးအား သုံးခွမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မေ ၃၀ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောင်လံမြို့နယ်၊ ဆင်ပေါင်ဝဲမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့နယ်အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ် ၁၆ စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၃၅ စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၃၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ပေါ်ဦးအောက်လမ်းရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၁၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဝေါမြို့နယ် မြစ်ကျိုးလမ်းဆုံအနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ခြောက်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan တစ်စီးနှင့် စက်မှုဇုန်ထုတ် Yadanar Oo MPV Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ မန္တလေးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၁၄၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန် - မန္တလေး လမ်းဟောင်း ပလိပ်မြွေဘုရားအနီး၌ ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၂၀၃၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း ဝင်းထက်ဆီဆိုင်အနီး၌ လားရှိုးမြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၀၀၆၁၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၆၆၂၀၉၁၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့နယ်၊ မအူပင်မြို့နယ်၊ ဟင်္သာတမြို့နယ်၊ မြောင်းမြမြို့နယ်နှင့် ဓနုဖြူမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ကိုးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၂၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး EMS (အပြည်ပြည်ဆိုင်ရာအမြန်ချောပို့လုပ်ငန်းစု) ၌ ကိုရီးယားနိုင်ငံမှ တင်သွင်းလာသည့် ချောထုပ်ကိုးထုပ်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စာတိုက်လုပ်ငန်း၊ ပြည်ပစာပို့လုပ်ငန်း၊ အကောက်ခွန်စစ်ဆေးရေးဌာန၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြ၍ လာရောက်ထုတ်ယူခြင်းမရှိသည့် ချောထုပ်များအတွင်းမှ ကြီးကြပ်ကန့်သတ်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

မေ ၃၀ ရက်နှင့် ဇွန် ၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၆၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၃၁၂၇၁၅၀)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ACA CONSULTING COMPANY LIMITED

### ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်များကို သက်သေထင်ရှားတင်ပြရန်အကြောင်းကြားစာ ကြေညာချက် လူမွဲခံယူခြင်းဆိုင်ရာဥပဒေ(၂၀၁)၊ နည်းဥပဒေ(၈၇)ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

| | |
|---|---|
| ကုမ္ပဏီအမည် | ACA CONSULTING COMPANY LIMITED |
| ကုမ္ပဏီ၏ ကုန်သွယ်မှုအမည် | ACA CONSULTING COMPANY LIMITED |
| ကုမ္ပဏီ မှတ်ပုံတင် အမှတ် | 108944196 |
| ကုမ္ပဏီ မှတ်ပုံတင်လိပ်စာ | ROOM NO.411, 4TH FLOOR, HLEDAN CENTER, HLEDAN ROAD, 8 WARD, KAMAYUT, YANGON REGION, MYANMAR |
| ကုမ္ပဏီအီးမေးလ် | josird2020@gmail.com |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအမည် | U Myint Thu(MAIP–00195) |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏ ရုံးခန်းလိပ်စာ | No 149,4th floor, 38 street( Between Maha Bandula Road and Anawrahta Road), Kyauktada Township, Yangon, Myanmar. |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏အီးမေးလ် | myintthu1976@gmail.com |
| ကြွေးမြီတောင်းခံရမည့် နောက်ဆုံးရက် | 31 July 2025 |

၂၀၂၅ ခုနှစ်၊ မေလ ၃၁ရက်တွင် ကျင်းပသော အစုရှယ်ယာရှင်များ၏ အထူးအစည်းဝေးဆုံးဖြတ်ချက်အရ ACA CONSULTING COMPANY LIMITED အား ၂၀၂၅ ခုနှစ်၊ မေလ ၃၁ ရက်မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ကြပြီး၊ ဦးမြင့်သူMAIP(00195)အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ခဲ့ပြီးဖြစ်ပါသည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် နည်းဥပဒေခွဲ ၈၇(က)အရ ထုတ်ဆင့်သည့်အကြောင်းကြားစာ မိတ္တူကို ၎င်းသိရှိသမျှသော ကုမ္ပဏီ၏မြီရှင်တစ်ဦးချင်းစီထံ ပေးပို့ပြီးဖြစ်ပြီး ကျန်ရှိသော ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို အထက်ဖော်ပြပါကြွေးမြီတောင်းခံရမည့် နောက်ဆုံးနေ့ရက်မတိုင်မီ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(၁)၏ ရုံးခန်းလိပ်စာ သို့မဟုတ် ၎င်း၏အီးမေးလ်သို့ "ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်များကို သက်သေထင်ရှားတင်ပြရန်" ကြေညာအပ်ပါသည်။

နည်းဥပဒေခွဲ ၈၇(င)အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ အကြောင်းကြားစာထုတ်ဆင့်၍ ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်အတွက် သက်သေခံအထောက်အထားကို တင်ပြရန် တောင်းဆိုခြင်းကို ကုမ္ပဏီ၏ မြီရှင်တစ်ဦးဦးမှ လိုက်နာရန် ပျက်ကွက်ပါက ၎င်းသည် အောက်ဖော်ပြပါအခွင့်အရေးများကို ရယူခံစားပိုင်ခွင့် မရှိစေရ–

(၁) ၎င်း၏ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ကို တင်သွင်းခြင်းမပြုမီက ပြုလုပ်ထားသည့် ဝေစုခွဲဝေမှုတို့မှ အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(၂) ထိုခွဲဝေမှုကို ကန့်ကွက်ပိုင်ခွင့်၊

| | |
|---|---|
| **Ms. Yuko Wakamatsu** | **ဦးမြင့်သူ** |
| **TZ2146233** | **စာရင်းရှင်းလင်းရေးဖျက်သိမ်းအရာရှိ MAIP [00195]** |
| **DIRECTOR** | **ဖုန်း–၀၉–၄၅၄၄၇၉၅၅၄** |
| **ACA CONSULTING COMPANY LIMITED** | |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ အောင်တံခွန်(၄)လမ်း၊ မြေကွက်အမှတ်(၁၅၆)၊ ပေ(၄၀x၆၀)၊ ၀ ဒသမ ၀၅၅ဧက၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန် အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်(၂)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးမောင်မောင် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မူရင်းဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးခင်ဦး ၁၂/ကမရ(နိုင်)၀၃၇၉၈၉ နှင့် ဦးဟန်သာ၁၂/ကမရ(နိုင်)၀၃၅၉၈၉တို့မှ ၎င်းတို့လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ နှစ်(၆၀)မြေငှားဂရန်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးအောင်ကျော်ထူး၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသိန်းထူး LL.B တရားလွှတ်တော်ရှေ့နေ(စဉ်–၇၈၁၅) ဦးဇော်မိုးလွင် – LL.B တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၅၇၄)**
**ရုံး – ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မ၀တ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း – ၀၉ –၄၄၄၄၃၅၃၅၃၊ ၀၉ –၂၅၆၂၈၆၃၉၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ ဒေါ်ခင်ဆွေဦး ၁၂/ဥကတ(နိုင်)၀၂၈၇၀၃ (ဘ) ဦးအောင်ဝင်းအမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ–၂၂၆၃၅) ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၇၂၃၀/၂၀၁၁ (၈–၈–၂၀၁၁) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးဆော်စီဝင် ၁၃/ကခန(နိုင်)၀၄၂၁၄၉ (ဘ)ဦးဆော်ရင်ကောင်းမှဒေါ်သင်းသင်းအောင် ၈/ပမန(နိုင်)၀၀၀၀၉၆ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၇၉၆၆၀

Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော်ထွေး ၆/ထဝန(နိုင်)၁၄၃၃၃၀ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၆၇၅၇၁

Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးကိုဦး ၆/ရဖန(နိုင်)၀၇၅၇၀၅ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၇၉၈၉၉

Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းလတ် ၆/လလန(နိုင်)၀၇၁၁၄၈ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၂–၃၊ အုတ်ကျင်းအနောက်)၊ဦးပိုင်အမှတ် (၈၉)၊မြေဧရိယာ၀ ဒသမ ၁၈၄ ဧကရှိမြေကွက်သည် မူလက ဒေါ်ဂျာလဲန်အမည်ဖြင့် ၂၁–၇–၂၀၃၀ ရက်အထိ မြေငှားဂရန် သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး ဂရန်အမည်ပေါက်သူဒေါ်ဂျာလဲန်ထံမှ ဦးသိန်းဇော် က၂၀–၃–၂၀၂၅ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၁၃၀/၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးသိန်းဇော် ၁၃/မဆတ(နိုင်)၀၆၁၄၂၅အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ရွှေညောင်ပင်ရပ်ကွက်၊ ကွင်းအမှတ်(၃၇/၂၊ ဝက်ကုန်းအနောက်)၊ ဦးပိုင်အမှတ် (၁၂/၄၈–၁)၊မြေဧရိယာ(၀ဒသမ၀၁၄)ဧကရှိမြေကွက်သည် ဒေါ်မိုးသီးမာယာ အမည်ဖြင့် (၁၃–၇–၂၀၄၇) ရက်အထိ မြေငှားဂရန် သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး ဂရန်အမည်ပေါက်သူ ဒေါ်မိုးသီးမာယာထံမှ ဦးအလီရာဇာ က(၂၁–၂–၂၀၂၅)ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၀၈၂/၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးအလီရာဇာ၁/မကန(နိုင်)၀၁၃၂၂၁အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အမည်ပြောင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ (အမက) ခလရ – ၆၂ Grade–4 အောင်မြင်ပြီးသူ (ဘ)ဦးဝင်းသန်းဦး၏သမီး မဇူးလဲ့ဝင်း(ခ)မကြယ်စင်ဦးအား မသိမ့်သိမ့်သူဟု ပြောင်းလဲခေါ်ပါရန်။

**မသိမ့်သိမ့်သူ**

## အမည်မှန်

ငပုတောမြို့နယ်၊ ဝက်ဆူကျေးရွာနေ အမက–၁ အခြေခံပညာမူလတန်းကျောင်းမှ (ဘ)ဦးနိုင်မိုးမြင့်၏သားဖြစ်သူ Grade–2 မှ မောင်အဂ္ဂ၏ အမည်မှန်မှာ မောင်အက္ခရာကို ဖြစ်ပါကြောင်း။

**မောင်အက္ခရာကို**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ အထက(၁)၊ ညောင်လေးပင်မြို့၊ G–12 မှ မရွှေရည်ဖူး၊ G–8မှ မခိုင်သစ္စာ၊ G–6မှ မောင်နိုင်ထက်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးရဲဝင်း ၇/ရကန(နိုင်)၀၄၈၆၁၈ ဖြစ်ပါကြောင်း။

**ဦးရဲဝင်း**

## ပတ်စ်ပို့ပျောက်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ မြို့မ(၁)ရပ်ကွက်၊ ကျောင်းနောက်ရပ်နေ (ဘ) ဦးစံညွန့်၏ သမီးဖြစ်သူ ဒေါ်ယဉ်နွယ်သန်း ၁၀/မဒန(နိုင်)၁၀၅၄၀၆ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၇၈၈၄၄၉၀၅၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၉ယ/၈၇၉၅၀

Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးခွန်အောင်ကျော်ချာ ၆/ရဖန(နိုင်)၀၃၂၈၉၄ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/43266

Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သူဇာခိုင် ၈/မတန(နိုင်)၀၄၂၈၉၀ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြည်)ပြည်မြို့**

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ ဘိုးပိုက်ဆံ(၂)ရပ်ကွက်နေ ဦးကျော်မင်းထွန်း–ဒေါ်မြတ်အိခိုင်တို့၏သမီး အထက ဖဒိုကျောင်းဝင် အမှတ်–၀၂၀၆၊ Grade–5 မှ မသွန်းဆုယသော်အား မသွန်းထက်ထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မသွန်းထက်ထက်အောင်**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်ပန်းတောင်းမြို့နယ်၊ စိတ္တိန်း(တ)ကျေးရွာနေ ဦးလှဦး၏ သမီး ဒေါ်တင်တင်အုံး ၉/ကပတ(နိုင်) ၀၃၄၃၂၅ နှင့် ဒေါ်တင်တင်အုန်းမှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်တင်တင်အုံး(ခ)**
**ဒေါ်တင်တင်အုန်း**

## မိဘအမည်မှန်

မော်လမြိုင်မြို့၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ စမ်းကြီး၊ Grade–(12)မှ မဖူးပြည့်ပြည့်မောင်၏ မိဘအမည်မှန်မှာ ဦးထွန်းရွှေ–ဒေါ်သန်းသန်းတင် ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အုတ်ဖိုစုရပ်ကွက်၊ အကွက်အမှတ်(၂၆)၊ အကွက်အမည်–ကျိုက်ဖောဓိမြောက်ကွက်၊ ဦးပိုင်အမှတ်–၅၇/က/၁၊ မြေအကျယ်အဝန်း ( ၅၂ပေx ပေ ၁၈၀) ၊ ဧရိယာ ၀ ဒသမ ၂၁၃ဧက၊ (၉၂၇၈)စတုရန်းပေရှိ (၁၀)နှစ် မြေငှားဂရန်ဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ အုတ်ဖိုစုရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်(၅၀/ခ)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်ကြပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးဇော်လွင် ၁၂/မဂတ(နိုင်)၀၄၆၈၅၄နှင့် ဦးဝင်းမြင့် ၁၂/တမန(နိုင်)၀၇၇၅၇၁ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍၁၄ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ထက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်နိုင်ဦး (LL.B, LL.M, MRes(Law), D.B.L)**
**အထက်တန်းရှေ့နေ(စဉ်–၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ် (၃)၊**
**ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၉၇၅၀၂၁၈၄၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ အင်းဝလမ်း၊ တိုက်အမှတ်(၆၅၂)၊ မြေပေအကျယ် ပေ(၄၀x၆၀)ရှိ မြေပေါ်တွင်ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၈)ထပ်တိုက်(Slab Roof) (Lift ၁စီးပါ)အဆောက်အအုံ မှ ရောင်းချသူ ဒေါ်နန်းစိန်ညွန့် ၁၃/မဆတ(နိုင်)၀၃၃၁၁၁ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့် (6th Floor) (၇–လွှာ)၊ (ခြေရင်းခန်း) အခန်းအကျယ် အဝန်းပေ(၁၇x၅၄)၊ အမြင့်(၁၀)ပေရှိတိုက်ခန်းသည် အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချသူမှ မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါ တိုက်ခန်းအား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည် အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်များအရ –**

**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O–Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၄၃၀၆၆၁၆၄ ၊ ၀၉–၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ်(၉၆၂)၊ မြေပေအကျယ် (၄၀x၆၀)ပေ၊ စတုရန်းပေ(၂၄၀၀)ရှိ ဦးစံလင်း အမည်ပေါက် ပါမစ်မြေကွက်ကိုအရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ရွှေလမှူး ၉/ကဆန(နိုင်)၁၂၂၅၄၈ က ယင်းမြေကွက်ကို မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့်လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါမြေကွက်အား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝေဝေမြင့် ၁၂/ဒဂမ(နိုင်)၀၀၇၇၁၃ က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနှစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O–Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၄၃၀၆၆၁၆၄၊ ၀၉–၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ သုတ(၁)လမ်း၊ မြေကွက်အမှတ်(၂၆/က)၊ မြေပေအကျယ် ပေ(၂၀x၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ထားမိုးသွင် ၁၂/လမန(နိုင်)၁၄၁၉၉၂က ယင်းမြေကွက်နှင့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင်(၁)ထပ်လုံးချင်းနေအိမ် အပါအဝင်သည် အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့်လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ အိမ်ခြံမြေကွက်အား အပြီးအ ပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနှစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O–Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၄၃၀၆၆၁၆၄ ၊ ၀၉–၇၉၆၆၀၀၂၁၇**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၇/၂၀၂၅-၂၀၂၆)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ Pipeline Freespan Survey and Rectification ဝန်ဆောင်မှုလုပ်ငန်းကို မြန်မာကျပ်ငွေ ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|
| (၁) | OS-001 (25-26)CAP | 24" MOGE Offshore Domestic Gas Pipeline Freespan Survey and Rectification | Kyats |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၆-၆-၂၀၂၅ရက်မှစတင်၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဘဏ္ဍာရေးဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၈-၇-၂၀၂၅ရက် မွန်းလွဲ (၁၃:၃၀) နာရီနောက်ဆုံးထား၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့(လူကိုယ်တိုင်) လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
ဖုန်း-၀၆၇-၃၄၁၁၃၃၁

## မြေငှားဂရန်/မြေပေးမိန့် လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ မြို့နယ်/မြို့ | ရပ်/ကျေး | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | ဦးအုံ့ဇော်မောင် | ငွေဆောင် | အမှတ်(၃) | ၁၉၈၅ပြင်/ကျောက်ကြီးပြင် | ၃၀ | ၀.၉၃၀ | စက်မှု/စီးပွား |
| ၂ | ဒေါ်ပြည့်ဖြိုးအိ | ချောင်းသာ | အမှတ်(၂) | ၁၉၉၀/ချောင်းသာ | ၈-၁၄ | ၀.၁၄၇ | စက်မှု/စီးပွား |
| ၃ | ဒေါ်အေးအေးဆင့် | ပုသိမ် | အမှတ်(၁) | ၅၀/အကောက်ဆိပ်တောင် | ၉၆ | ၀.၀၅၆ | အမည်ပြောင်း/တိုး |
| ၄ | ဦးပြည့်ဖြိုးအောင် | ပုသိမ် | အမှတ်(၆) | ၈၃-ခ/ရွှေဘိုတပ်တောင် | ၁၉၈-က | ၀.၀၂၀ | အမည်ပြောင်း/တိုး |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဒေါ်ခိုင်ဆုဝေ (၇/တငန(နိုင်)၁၃၉၂၅၉)နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ် ၊ ရန်ကုန် (၁) ရပ်ကွက်၊ အောင်ဇေယျ (၃)လမ်း၊ အမှတ် (၃၁) နေ ဦးအောင်ဘိုဘို (၉/စကတ(နိုင်)၀၇၇၀၂၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးအောင်ဘိုဘိုနှင့် ဒေါ်ခိုင်ဆုဝေ (၇/တငန(နိုင်)၁၃၉၂၅၉)တို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြပြီး ကွာရှင်းပြတ်စဲခြင်း မပြုရသေးသော တရားဝင်အကြင်လင်မယားများဖြစ်ကြကာ လက်ထပ်ပွားပစ္စည်းအဖြစ် ဒေါ်ခိုင်ဆုဝေအမည်ဖြင့် ဝယ်ယူထားသော ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄)၊ မြေကွက်အမှတ် (၂၀၅)၊ စီမံကိန်း(၁) ၊ မြလေးလမ်း၊ (၁၄) ရပ်ကွက်၊ အိမ်အမှတ် (၂၀၅) အကျယ်အဝန်း ( ၄၀ x ၆၀ ) ပေရှိ ဦးမင်းကို အမည်ပေါက် ဂရန်မြေအမျိုးအစား မြေကွက်အတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၂၀x၆၀)ပေ (မူရင်းခြမ်း) မြေကွက် (၁) ကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော သွပ်မိုး၊ သွပ်ကာ၊ ပျဉ်ခင်း၊ တစ်ထပ်အိမ် (၁) လုံးတို့ ဖြစ်ထွန်းခဲ့ပါသည်။ အဆိုပါအိမ်ခြံမြေကွက်နှင့်သက်ဆိုင်သော ပိုင်ဆိုင်မှုစာရွက်စာတမ်းများ ဒေါ်ခိုင်ဆုဝေ၏ လက်ဝယ်တွင် ရှိနေပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ အိမ်ခြံမြေကွက်မှာ ဦးအောင်ဘိုဘိုနှင့် ဒေါ်ခိုင်ဆုဝေတို့၏ မခွဲဝေရသေးသော လင်မယားနှစ်ဦးပိုင် ပစ္စည်းဖြစ်သည့်အတွက် ဦးအောင်ဘိုဘို၏ သိရှိသဘောတူညီမှုမရရှိဘဲ မည်သူမျှရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အာမခံအဖြစ်ထားရှိခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ဝယ်ယူခြင်းစသည်တို့ကို မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၊ ပစ္စည်းလက်ခံရယူသူ မည်သူ့မဆို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်ခိုင်ဆုဝေနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| ဒေါ်ချစ်ချစ်စံ | ဦးစန်းမင်းဦး | ဒေါ်ခိုင်စုဝေ(ခ)ဒေါ်ငုဝါဝါလွင် |
|---|---|---|
| စဉ် - ၁၇၀၇၁ | စဉ် - ၁၉၅၄၀ | စဉ်- ၁၉၅၃၉ |

တရားလွှတ်တော်ရှေ့နေများ
အမှတ်- (B-5) ၊ အခန်း (၂၀၁)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၁၀၀၈၆၉၅၊ ၀၉-၂၅၈၀၀၁၇၉၇

## မိဘအမည်မှန်

ရွှေဘိုမြို့နယ်၊ ဥယျာဉ်တော်ကျေးရွာနေ မောင်မင်းမြတ်အောင်၏ မိဘအမည်မှန်မှာ ဦးခင်မောင်တင့် ၅/ရဘန(နိုင်)၀၆၅၈၁၇၊ ဒေါ်သိန်းသိန်းဦး ၅/ကလတ(နိုင်)၀၄၈၉၄၀ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးမြို့၊ ညောင်ဝိုင်းတောင်ပိုင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ အကွက်အမည်(ညောင်ဝိုင်းတောင်ရပ်)၊ ဦးပိုင်အမှတ်(၁၀၉)၊ ဧရိယာ (၀ဒသမ၀၁၈) ဧကရှိ အောက်ဖော်ပြပါ အလားလေးရပ်ရှိသည့် အရှေ့လားသော် -၁၀၈၊ အနောက်လားသော်-၁၁၀၊ တောင်လားသော်-နောက်ဖေးလမ်း၊ မြောက်လားသော်-၁၆လမ်း၊ အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်မြင့်စိန်၊ ဦးအောင်သန်းတို့မှ လျှောက်ထားဆောင်ရွက်နေသည့်အတွက် ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ ဇွန်လ ၂၅ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်မြင့်စိန်၊ ဦးအောင်သန်း**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အထက(ခွဲ) ကျောက်ပျောက် Grade-8တွင် ပညာသင်ကြားနေသော မောင်လင်းထက်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုးနိုင် ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မလာမြိုင်(၄) လမ်း၊ အမှတ်(၈၆)ရှိ (ပဥ္စမထပ်/၆-လွှာ)၊(ဘယ်ဘက်) (ခေါင်းရင်းခန်း)တိုက်ခန်းအပါအဝင် အဆိုပါတိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူ ဒေါ်ထွန်းအိန္ဒြာလွင် ၁၂/သဃက(နိုင်)၁၇၇၂၂၇ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းမျိုးမျိုးအိ ၁၂/တမန(နိုင်)၀၉၄၂၉၁က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L) | ဒေါ်ခင်စောသိန်း(LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆) |

